ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်းရရက်၊ ကြာသပတေးနေ့၊ (16-9-2010) (၆၅၂၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၁၆

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဖယ်လီပီ ကာလ်ဒါရွန် ဟီနိုဟိုစာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အသင်းခွဲဖွဲ့စည်းရေး အခမ်းအနား တက်ရောက်

ရန်ကုန်　　စက်တင်ဘာ　　၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဖွဲ့စည်းရေး အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု　**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်　◆　ဓာတ်ပုံ - မိုးမြင့်လှိုင်　◆　အဆင်အပြင် - ခိုင်သန္တာရွှေ

မြန်မာနိုင်ငံရှိ လမ်းနှင့်တံတားများ ထာဝရကောင်းမွန်စေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းတံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ယာဉ်များ၏ ဝင်ရိုးထမ်းအလေးချိန်စစ်ဆေး၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်မှသာ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ပြီး လူမှုဘဝများလည်း မြင့်မားလာနိုင်ပေမည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် တောင်နှင့်မြောက် အလျားလိုက် လမ်းမကြီး ၃၆ လမ်း၊ အရှေ့နှင့်အနောက် ကန့်လန့်ဖြတ် လမ်းမကြီး ၄၅ လမ်း စုစုပေါင်းလမ်းမကြီး ၈၁ လမ်း အပါအဝင် ၂၀၁၀ ခုနှစ် မတ်လကုန်အထိ လမ်းမိုင်စုစုပေါင်း ၂၁၃၆၁ မိုင်ကျော်အထိ ဖောက်လုပ်ပေးထားပြီး ဖြစ်သည်။

ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်း ဆက်သွယ်သည့်လမ်းများ၊ မဟာဗျူဟာလမ်းမကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏လမ်းများ၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်အရ တည်ဆောက်လုပ်ကိုင်လွှဲပြောင်း B.O.T စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသောလမ်းများလည်း ရှိသည်။

ထိုလမ်းများပေါ်တွင် ဖြတ်သန်းသွားလာမောင်းနှင်နေကြသော ယာဉ်များမှာ ၂၀၀၉ ခုနှစ်အထိ မှတ်ပုံတင်ထားသော စာရင်းအရ ၂၀၁၅၅၃၁ စီးရှိပြီး ထိုယာဉ်စီးရေအနက် ယာဉ်ကြီးများဖြစ်သည့် ကုန်တင်ဝန်ပေါ့နှင့် ကုန်တင်ဝန်လေးယာဉ်စုစုပေါင်းမှာ ၇၉၂၄၆ စီးရှိသည်။

မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးစရိတ်၏ အများဆုံးအစိတ်အပိုင်းမှာ ယာဉ်အသုံးပြုမှုစရိတ်ဖြစ်သည်။　**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၆-၉-၂၀၁၀
(ကြာသပတေးနေ့)

သွေးတိုးရောဂါ စောစီးစွာဖော်ထုတ်ကုသ

အသက်အရွယ်မရွေး လူတိုင်းကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးသည် အဓိကသတိပြုကြရမည့်အချက် ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ ရောဂါဘယကင်းရှင်းစေရေး သတိပြုကြရမည့် ရောဂါများ၊ စနစ်တကျနေထိုင်စားသောက်ရေး နည်းလမ်းများကို အသိပညာပေးနှိုးဆော်လျက်ရှိသည်။

ပြည်သူအများ သတိပြုကာကွယ်ရမည့် ရောဂါတစ်ခုမှာ သွေးတိုးရောဂါဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ လူသားများအနက် တစ်ဘီလီယံကျော်မှာ သွေးတိုးရောဂါ ဝေဒနာရှင်များဖြစ်ကြောင်း သိရသည်။ သွေးတိုးရောဂါသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါများကိုဖြစ်စေနိုင်သော အဓိကအကြောင်းရင်းရောဂါတစ်ခုလည်း ဖြစ်သည်။

သတိမပြုမိသူများအတွက် ရောဂါလက္ခဏာမရှိဘဲ ရုတ်တရက်သေဆုံးနိုင်သောကြောင့် လူတိုင်းသွေးတိုးရောဂါ ရှိ၊ မရှိ စောစီးစွာသိရှိထားရန်လိုအပ်သည်။ သွေးတိုးရောဂါရှိသူများသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်း ဖြစ်တတ်သဖြင့် အခါအားလျော်စွာ သွေးပေါင်ချိန်စစ်ဆေးသင့်သည်။ သွေးတိုးရောဂါရှိနေပါက သွေးပေါင်မှန်မှန်ချိန်၍ အစားအသောက်ဆင်ခြင်ခြင်း၊ စနစ်တကျဆေးဝါးကုသခြင်းများ ပြုလုပ်ကြရပေမည်။

အစားအစာများစားသုံးရာတွင် အငန်ဓာတ်လွန်ကဲစွာ စားသုံးခြင်းသည် သွေးတိုးရောဂါဖြစ်စေသော အကြောင်းရင်းတစ်ခုဖြစ်သည်။ အစားအသောက်များတွင် ဆားကိုလျှော့၍သုံးစွဲခြင်းဖြင့် သွေးတိုးရောဂါဖြစ်မှုလျော့နည်းစေနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူတစ်ဦးချင်းနေ့စဉ်ဆားသုံးစွဲမှုကို လက်ဖက်ရည်ဇွန်း တစ်ဇွန်း သတ်မှတ်ထားသည်။

ပြည်သူများ သွေးတိုးရောဂါ မဖြစ်ပွားစေရေးအတွက် အငန်ဓာတ်ပါသော အစားအစာများလျှော့ချခြင်း၊ အဆီ၊ အချိုလျှော့စားခြင်း၊ ဟင်းသီးဟင်းရွက်သီးနှံများ ပိုမိုစားသုံးခြင်းတို့ ပြုလုပ်သင့်ပေသည်။ ကိုယ်အလေးချိန်ထိန်းသိမ်းလျှော့ချခြင်း၊ အရက်အလွန်အကျွံသောက်သုံးမှုမပြုခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပုံမှန် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင် နေထိုင်ခြင်းတို့သည် သွေးတိုးရောဂါဖြစ်မှုကို နည်းပါးစေသည့် နည်းလမ်းများဖြစ်သည်။

သို့ဖြစ်၍ ပြည်သူတိုင်းက ကျန်းမာရေး အသိပညာပေးမှုများနှင့်အညီ သွေးပေါင်မှန်မှန်ချိန်ခြင်း၊ သွေးတိုးရောဂါရှိနေပါက မပြတ်စစ်ဆေးကုသမှုခံယူခြင်း၊ နေ့စဉ်အစားအစာများ စားသုံးရာတွင် အငန်စားသုံးမှု လျှော့ချခြင်းတို့ဖြင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်ပွားမှုများမှ လျော့နည်းကင်းဝေးစေမည် ဖြစ်ပါသည်။ ။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၁၀) ကို စက်တင်ဘာ ၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Channel V ရုပ်သံလိုင်း၌ ပြသမည့် စင်ကာပူတွင် ကျင်းပသည့် [V] Special:Singfest 2010 တေးဂီတပွဲတော်အကြောင်းနှင့် အွန်လိုင်းမှ တစ်ဆင့် ပရိသတ်အားပေးမှုနှင့်အတူ ကမ္ဘာကျော်ခဲ့သည့် ကနေဒါနိုင်ငံသား Justin Bieber ၏ Somebody To Love သီချင်းအကြောင်း၊ MTV ရုပ်သံလိုင်းတွင် ပြသမည့် Taylor Swift ၏ နောက်ဆုံးထွက်ရှိခဲ့သည့် Mine ဂီတဗီဒီယိုအကြောင်းနှင့် Adam Lambert ၏ VH1 Unplugged အစီအစဉ်၊ Star Movies ရုပ်သံလိုင်းတွင် စစ်နောက်ခံ မေတ္တာဘွဲ့ဇာတ်ကားတစ်ကားဖြစ်သည့် Pearl Harbor၊ သုံးဖက်မြင် ကွန်ပျူတာပုံရိပ်ဖော်စနစ်ဖြင့် ရိုက်ကူးထားသည့် Ice Age၊ ဂျာမန်ရုပ်ရှင်ကား The Baader Mienhof Complex၊ Franklyn၊ Wedding Daze စသည့်ရုပ်ရှင်ကားများ Star World ရုပ်သံလိုင်းတွင် ပြသမည့် The Bechelorette ရာသီသစ်၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့် Animal Game၊ TLC ရုပ်သံလိုင်းတွင် ကြည့်ရမည့် Nanny School၊ NGC တွင် မြန်မာစာတန်းထိုးဖြင့် ကြည့်ရမည့် Taipei 101 အဆောက်အအုံအကြောင်း၊ အင်ဒီးစ်တောင်တန်းလိုဏ်ဂူများ အောက်ပိတ်မိနေသည့် ပြင်သစ်ခရီးသွား ခုနစ်ယောက်အကြောင်း၊ Discovery ရုပ်သံလိုင်း၏ ကိုရီးယားစတားလင်ဗျောင်ဟွန်းအကြောင်း တင်ဆက်ပေးမည့်အစီအစဉ်၊ ESPN နှင့် Starsports ရုပ်သံများတွင် ကြည့်ရမည့် မန်ယူ-လီဗာပူးလ်ပွဲနှင့် ပရီမီယာပွဲစဉ်များ၊ Multi Max၊ 5 Movie၊ 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ မန္တလေး FM တွင် ထူးထူးခြားခြား နားဆင်ရမည့် စာရေးဆရာမဂျူး၏ နှလုံးသားထဲက တေးသီချင်းများ၊ MRTV-4 ၏ ကလေးများအတွက် Kids Show၊ မန္တလေးက ဟာသလူရွှင်တော် ချစ်စရာကိုကြည့်ရမည့် သူတို့ဘဝသူတို့ဟာသ၊ Aroma Zulu ဖက်ရှင်အလှဓာတ်ပုံများ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များ ပါဝင်သည်။

၁၅ ရက်စာအစီအစဉ်များပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း- ၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆သို့ မှာယူနိုင်သည်ဟု သိရသည်။

(သတင်းစဉ်)

ကွန်ကရစ်တံတားဆောက်လုပ်

ကသာ စက်တင်ဘာ ၁၅

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ပင်လုံလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားအား တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့် တာဝန်ယူဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-မုံရွာ ကားလမ်းမကြီး အပိုင်း(၁) ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)၏ ပုသိမ်ခရိုင်လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ထို့နောက် ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်က မိုင်တိုင်အမှတ် (၃၃/၂)မှ (၁၇၉/၆)အထိ ၁၄၆ မိုင် ၄ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အဖွဲ့ခုနစ်ဖွဲ့၊ အထူးအဖွဲ့လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ခြောက်ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ဖြင့် အပိုင်းလိုက်ခွဲ၍ လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ဒုအခြေခံအလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မော်တော်ယာဉ်ဖြင့် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေသံလွင်ကုမ္ပဏီ လမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)ကို အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေသည့် ရွှေသံလွင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ ရန်ကုန်ကရောင်းကုမ္ပဏီ၊ စိမ်းစကိုင်းကုမ္ပဏီနှင့် မြန်မာအိုင်ဝါတနီကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး လမ်းသုတေသနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်က Quality Controlနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၈၄/၁)မှ (၉၄/၁)အထိ အေးရှားဝေါလ်ကုမ္ပဏီက စက်ယန္တရားများဖြင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၃၆/၂)မှ (၁၄၆/၂)အထိ တောင်ငူခရိုင်မှ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် လမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ပြည်ခရိုင်လမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)အား အပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်ခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ တောင်ငူခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၆)တို့မှ တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် လမ်းအပိုင်းလိုက် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး မိုင်တိုင်အမှတ် (၁၆၆/၃)မှ (၁၇၂/၃)အထိ လမ်းအထူးအဖွဲ့ (၁၆)က စက်ယန္တရားများဖြင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-မုံရွာကားလမ်း အပိုင်း(၁)အား ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အီလက်ထရွန်နစ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ-၂၀၁၀ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

IEMS Company Limited သည် အီလက်ထရွန်နစ်နှင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ-၂၀၁၀ (ELECTRONICS & YANGON INTERNATIONAL TRADE EXHIBITION 2010)ကို စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အမျိုးမျိုး၊ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်း အလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံး အထွေထွေပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းအမျိုးမျိုး၊ အိမ်သုတ်ဆေးအမျိုးမျိုး၊ အိမ်အမိုးပြားအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဈေးကွက်အတွင်း ရောင်းအားသွက်နေသော Pensonic Electronicနှင့် AUX Aircon၊ နာမည်ကျော်လူကြိုက်များသော ငွေကျားတိုက် (မီးဆိုင်း)တို့မှ ထူးခြားသော အစီအစဉ်များဖြင့် ရောင်းချမည့်အပြင် IEMS Company မှ နေ့စဉ် အဝတ်လျှော်စက် ကံစမ်းမဲဖွင့်လှစ်ပေးမည် ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၇၃၀ ၄၃၅၈၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု ဆိုးကျိုး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် အင်းစိန် အထက(၅) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာမောင်ယဉ်ကျော်)၊ အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်နှင့် မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဥပဒေ အရာရှိတို့က ဟောပြောကြသည်။

အလားတူ ဟောပြောပွဲကို မွန်းလွဲပိုင်းတွင် အင်းစိန် အလက(၁၂) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ရဲအုပ်မြင့်ဆွေ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (သတင်းထောက်စဥ့်ကူစိုးဝင်း) **(အောက်ပုံ)** နှင့် အနောက်ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က ဟောပြောကြသည်။ (၆၁)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) မှ ကြီးမှူး၍ Professor ဦးမော်သန်းက Small and Medium Sized Entities များမှ လိုက်နာကျင့်သုံးရမည့် "Financial Statements Presertation" ခေါင်းစဉ်ဖြင့် အသင်းတိုက်တည်ရှိရာ အမှတ် (၃၇/၄၁) လမ်း(၅၀) ဗိုလ်တထောင်မြို့နယ်၌ စက်တင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ Work Shop ပြုလုပ်မည်ဖြစ်ရာ တစ်ဦးလျှင် ငါးထောင်ကျပ်ပေးသွင်းပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE အတွက် အကျိုးဝင်မည်ဖြစ်၍ သိရှိလိုပါက ဖုန်း-၂၉၁၆၆၇နှင့် ၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

❖ ရှေ့ဖုံးမှ
မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက ဆန်စပါးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲ ဖွဲ့စည်းရေး အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မစ္စတာ သီယရီမာသူအား ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ သီယရီမာသူအား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ သီယရီမာသူသည် ၁၉၆၃ခုနှစ် မတ်လ ၈ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် အဆင့်မြင့် ကူးသန်းရောင်းဝယ်မှု လေ့လာရေးကျောင်းနှင့် နိုင်ငံရေးရာ လေ့လာရေးဌာနတို့မှ ဒီပလိုမာဘွဲ့များနှင့် နိုင်ငံရေးသိပ္ပံနှင့် အာရှရေးရာ ပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။ ၎င်းသည်၁၉၈၉ခုနှစ်တွင် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဝါရှင်တန်မြို့တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သံမှူးအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ပေကျင်းမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး သံမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၆ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၉၆မှ ၁၉၉၉ခုနှစ်အထိ ဥရောပ ပူးပေါင်းဆောင်ရွက်ရေးဌာနတွင်လည်းကောင်း၊ ၁၉၉၉မှ ၂၀၀၄ ခုနှစ်အထိ ပေကျင်းမြို့ ပြင်သစ်သံရုံးတွင်လည်းကောင်း၊ ၂၀၀၄မှ ၂၀၀၆ခုနှစ်အထိ နိုင်ငံတကာ စီးပွားရေးနှင့် ဘဏ္ဍာရေးဌာနတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၆ ခုနှစ်မှ ယနေ့အထိ ရှန်ဟိုင်းမြို့တွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သီယရီမာသူသည် အင်္ဂလိပ်၊ တရုတ်နှင့် ဟင်ဒီဘာသာစကားများကို တတ်ကျွမ်းသည်။ (သတင်းစဉ်)

တိုင်းမှူး ပိုလ်မှူးချုပ်စိုးလွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၁၁ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၉-၂၀၁၀ (ကြာသပတေးနေ့)
[၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ "ထူးခြတ်ပါသည့် ကမ္ဘာ့ဝိပဿနာစေတီ"
- ၈:၂၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၂၅ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ Islands of Dhamma
- ၈:၅၀ ၁၀။ ဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ နိကာယ နယူပဒေသ ကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင် ဥပေါသထ သီလခံယူ ဆောက်တည်ခြင်း
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန၊ တတိယအကြိမ် မြောက် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၂ လှိုင်သာယာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သမိုင်း၊ မြန်မာမှုပညာအထူးပြု) (ပထဝီဝင်)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ "မျက်ရည်စက်များကင်းစေချင်"
- ၅:၃၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ "မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ"
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ပျော်ရွှင်စေသော နေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၃) (ငြိမ်းချမ်း၊ ညီထက်၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၄)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ရွှေမြရံခြယ် (စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလင်္ကာဝတ်ရည်)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၂၁)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၈)**
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

ကြည်ရွှန်း၏ စိတ်ကူးတစ်ချက် လင်းလက်သွားစေ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

စာရေးဆရာ ကြည်ရွှန်း၏ စိတ်ကူးတစ်ချက်လင်းလက်သွားစေ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

(ယာပုံ)

ယင်းစာအုပ်သည် ရွှန်ခေါ့ဖ်မင်း (Ron Kaufman) က စုဆောင်းရွေးချယ်ပြုစုထားသည့် စာကိုး စကားကိုး စာအုပ် Life Me Up, What a Great Idea!ကို ဆရာကြည်ရွှန်းက မြန်မာပြန်ဆိုထားခြင်းဖြစ်ပြီး စာရေးဆရာကြည်မင်းက ပြင်ဆင်တည်းဖြတ်ပေးထားသည်။ တီထွင်ဖန်တီးချင်သူများ၊ ကြိုးစားအားထုတ်လိုစိတ်ရှိသူများအတွက် ခွန်အားဖြည့်ပေးနိုင်သော စာအုပ်ဖြစ်သည်။ နပိုလီယန်ဘိုနာပတ်၊ သောမတ်စ်အက်ဒီဆင်၊ ဂွန်အက်ဖ်ကနေဒီ၊ ဂျက်ဝဲလ်ချ်၊ ဘီလ်ဂိတ်စ်၊ လီယိုနာဒိုဒါဗင်ချီ စသည်ဖြင့် နယ်ပယ် အသီးသီးတွင် ထွန်းတောက်ထင်ရှားခဲ့သူများ၏ နာယူစရာ၊ မှတ်သားစရာ စကားများ ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်းပညာရှင်အသီးသီးတို့၏ ဆိုရိုးစကားပေါင်း ၂၆၅ခုကို စုစည်းတင်ပြပေးထားသည်။ ဆိုရိုးစကား

တစ်ခုချင်းစီအတွက် အဆိုပါစကားနှင့် ဆက်စပ်ပြီး ဖြည့်စွက်ရှင်းလင်းအကြံပေးထားချက်များ ပါဝင်သည်။ ဆိုရိုးစကားများကို ထူးခြားပြောင်မြောက်သော စိတ်ကူးများ၊ ထူးခြားပြောင်မြောက် သောတီထွင်ဆန်းသစ်မှုများ၊ ထူးခြားပြောင်မြောက်သော ဖွဲ့၊ ထူးခြားပြောင်မြောက်သော ပါရမီဟု ကဏ္ဍလေးခုဖြင့် ခွဲခြားတင်ပြပေးထားသည်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ပူးတွဲဖော်ပြပေးထားခြင်းကြောင့် မူရင်းအင်္ဂလိပ်ဘာသာနှင့် ရေးသားထားချက် စကားအသုံးအနှုန်းများကို စူးစမ်းခွင့် ရနိုင်သလို မြန်မာဘာသာပြန်ဆိုချက် အယူအမြင် သဘောတရားများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ဘဝကို အားနှင့် မာန်နှင့် ရင်ဆိုင်ချင်သူများ စိတ်ကူးတစ်ချက်လောက် ရသွားရုံနှင့် လမ်းပွင့်သွားနိုင်သည့် စာအုပ်ဖြစ်သည်။ ခေတ်အသီးသီးက ထိပ်သီးကြီးများ၏ ရင်တွင်းအနှစ်များကို ခံယူအားဖြည့်ကာ မိမိဘဝ တက်လမ်းကို ပုံဖော်ကြံဆောင်နိုင်မည့် စာအုပ်ဖြစ်သည်။ အဆိုပါ စာအုပ်ကို Wisdom House အမှတ်(၁၀၁) တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅ ၈၅၃၃၊ ၀၁-၅၄၅၀၃၆ မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ခြင်ဆေးဖျန်း

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၁)စည်ပင်သာယာဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းလတ်မောင်နှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(ကြေးမုံ)

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုစာရင်း တိကျမှန်ကန်စွာ ပြုစုတင်ပြရေးအတွက် စက်တင်ဘာ ၄ ရက်က ကျောက်တန်းမြို့နယ် မြေစာရင်းဦးစီးဌာနရှိ အောက်ခြေစာရင်းပြုစုသော မြေတိုင်းစာရေးအား လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်ကန်စွာ စာရင်းပြုစုရေး ရှင်းလင်းမှာကြားစဉ်။

(ကြေးမုံ)

အာဖဂန်စစ်သွေးကြွများကို ကန်မောင်းသူမဲ့ လေယာဉ်များ တိုးမြှင့် တိုက်ခိုက်

မာအလီ စက်တင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ရှိ ဥပဒေလက်လှမ်းမမီသော လူမျိုးစုဒေသတစ်ခုကို အမေရိကန် မောင်းသူမဲ့လေယာဉ်က စက်တင်ဘာ ၁၅ ရက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မောင်းသူမဲ့ လေယာဉ်သည် ဟတ်ကာနီကွန်ရက် အကြမ်းဖက်အုပ်စုက ထိန်းချုပ်သောဒေသကို ရည်ရွယ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အားနည်းစေရန် ရည်ရွယ်

ဟတ်ကာနီကွန်ရက်မှ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ နယ်စပ်ဖြတ်ကျော်၍ အာဖဂန်စစ်မြေပြင်သို့ လာရောက်ခြင်း မရှိစေရန် အမေရိကန် အထူးတပ်ဖွဲ့ဝင်များက ကြိုးပမ်းနေစဉ် ပါကစ္စတန်နိုင်ငံဘက်ခြမ်းရှိ ဟတ်ကာနီ ကွန်ရက်အဖွဲ့ဝင်များ၏ စစ်ရေးလှုပ်ရှားမှုများကို အားနည်းချည့်နဲ့စေရန် ရည်ရွယ်၍ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူ ၆၀

ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့များ၏ အဆိုအရ စက်တင်ဘာ ၂ ရက်က စတင်၍ ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသ၌ မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေး ၁၃ ခု လုပ်ဆောင်ခဲ့ရာ သေဆုံးသူ ၆၀ ရှိပြီဖြစ်ကြောင်း သိရသည်။

လုပ်ဆောင်ခဲ့

တိုက်ခိုက်မှုအများစုကို အာဖဂန်နယ်စပ်သို့ ဦးတည်သော မဟာဗျူဟာလမ်းမကြီးပေါ်တွင် တည်ရှိသည့် ဒက်တာခေးလ်မြို့တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အေပီ။



အီရတ်နိုင်ငံ ဘာဆရာမြို့တွင် စက်တင်ဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သော လမ်းဘေးဗုံးဖောက်ခွဲ တိုက်ခိုက်မှုကို စစ်ဆေးနေသော အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အမေရိကန်၏စစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးချိန်နောက်ပိုင်း အီရတ်၌ စစ်သွေးကြွများက အပြင်းထန်ဆုံးတိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၁၅ - အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်လက အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်ရေး၊ စစ်ဆင်ရေးလုပ်ငန်းများ အဆုံးသတ်လိုက်ပြီးနောက် စစ်သွေးကြွများက အပြင်းထန်ဆုံး တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် အီရတ်လုံခြုံရေးတပ်ဖွဲ့များက အမေရိကန်တပ်ဖွဲ့၏ အကူအညီကို ရယူခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက် အိုဘားမားက စက်တင်ဘာ ၁ ရက်တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များကို လွန်ခဲ့သည့်လတွင် ရုပ်သိမ်းပေးခဲ့ရာ ယင်းနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေကို ၅၀၀၀၀ အထိ လျှော့ချနိုင်ခဲ့သည်။

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်၏ စစ်ရေးမဟာဗျူဟာပြောင်းလဲလိုက်ပြီးနောက် အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများ အဖြစ် သင်္ကာမကင်းဖြစ်ရသော စစ်သွေးကြွများက အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အရှိန်အဟုန်မြှင့်တင်တိုက်ခိုက်လာသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ဒီယာလာပြည်နယ်နှင့် ဆာလာဟူဒင်ပြည်နယ်တို့၌ စနေနေ့တွင် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက လက်နက်ပုန်းများ ရှာဖွေမှုပြုလုပ်စဉ် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့၏ အကူအညီကို ရယူခဲ့ရသည်။

အမေရိကန်တပ်ဖွဲ့သည် မောင်းသူမဲ့လေယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ အမြောက်လက်နက်ကြီးများနှင့် မြေပြင်တပ်ဖွဲ့ဝင်များအား အသုံးပြုကာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကူအညီပေးခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

ရိုက်တာ။

အာဖဂန်မှ စပိန်တပ်ဖွဲ့ဝင်များရုပ်သိမ်းရေး ရက်သတ်မှတ်ရန် စပိန်ဝန်ကြီးချုပ်ငြင်းပယ်

မဒရစ် စက်တင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံရှိ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးနှင့် ပတ်သက်၍ ရက်သတ်မှတ်ရန် စပိန်ဝန်ကြီးချုပ်က စက်တင်ဘာ ၁၅ ရက်တွင် ငြင်းပယ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ စပိန်တပ်ဖွဲ့ဝင်များသည် ၂၀၀၂ ခုနှစ်က စတင်၍ အာဖဂန်စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး တပ်ဖွဲ့ဝင် ၉၂ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။

ဆက်လက်လုပ်ဆောင်

သို့ရာတွင် အာဖဂန်စစ်မြေပြင်မှ စပိန်တပ်ဖွဲ့ဝင်များ မြန်နိုင်သမျှ မြန်မြန်ရုပ်သိမ်းရေးအတွက် စပိန်အစိုးရအနေဖြင့် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း စပိန်ပါလီမန်လွှတ်တော်၌ ဝန်ကြီးချုပ်က ပြောကြားသည်။

ရှိနေဦးမည်

အာဖဂန်နစ္စတန်လုံခြုံရေး၊ ကမ္ဘာကြီးနှင့် ဒေသတွင်းလုံခြုံရေးနှင့် စပိန်နိုင်ငံသားတို့၏ လုံခြုံရေးတို့အတွက် စပိန်တပ်ဖွဲ့ဝင်များအနေဖြင့် အာဖဂန်စစ်မြေပြင်တွင် ရှိနေဦးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် စစ်ပွဲဇုန်တစ်ခုဖြစ်ပြီး စပိန်တပ်ဖွဲ့ဝင်များနှင့် အာဖဂန်တွင် တာဝန်ထမ်းဆောင်နေသော အရပ်ဘက်ဝန်ထမ်းများအတွက် အန္တရာယ်ကြီးမားသည့် နေရာဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်က သုံးသပ်ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖလူးဂျာမြို့ စီးနင်းတိုက်ခိုက်မှုတွင် ဒဏ်ရာရရှိသူတစ်ဦးကို တွေ့ရစဉ်။

အာဖဂန် ပါလီမန် အမတ်လောင်း၏ အစ်ကိုကို နေတိုးတပ်ဖွဲ့ ဖမ်းဆီး

ကန်ဒုဟ် စက်တင်ဘာ ၁၅ - အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်ရှိ အိမ်တစ်အိမ်ကို နေတိုးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက် ညတွင် ဝင်ရောက်စီးနင်းရှာဖွေပြီး လူခြောက်ဦးကို ထိန်းသိမ်းခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ချာဒါရာဒေသ အေနူလ်မာဂျာရွာရှိ နေအိမ်တစ်လုံးကို နေတိုးတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ပြီး တာလီဘန်စစ်သွေးကြွများနှင့် အဆက်အသွယ်ရှိသည်ဟုဆိုကာ ပြည်နယ်ကောင်စီ အဖွဲ့ဝင်ဟောင်းတစ်ဦး၊ ၎င်း၏ ညီနှစ်ဦးနှင့် အခြားလူသုံးဦးတို့ကို ဖမ်းဆီးခဲ့သည်ဟု ဒေသအုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖမ်းဆီးခံခဲ့ရသော ပြည်နယ်ကောင်စီဝင်ဟောင်း မော်လာဝီအဗ္ဗဒူလာသည် အာဖဂန်ပါလီမန် ရွေးကောက်ပွဲ ဝင်ရောက်မည့် အမတ်လောင်းတစ်ဦး၏ အစ်ကိုဖြစ်ကြောင်း သိရသည်။

နေတိုးတပ်ဖွဲ့၏ သတင်းထုတ်ပြန်ရေးဌာနသည် စစ်သွေးကြွများဟု ယူဆသူများကို ဖမ်းဆီးခဲ့ခြင်းနှင့် ပတ်သက်သော သတင်းကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အိမ်နီးချင်း ဘက်ဂ်လန်ပြည်နယ်နှင့် အနီးဝန်းကျင်ဒေသများ၌ စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ တဖြည်းဖြည်း အရှိန်မြင့်တက်လျက်ရှိပြီး ကန်ဒုဇ်ပြည်နယ်ရှိ တာလီဘန် စစ်သွေးကြွများသည် ချာဒါရာဒေသကို ခြေကုပ်ယူထားသည်ဟု သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စပိန်ဝန်ကြီးချုပ် ဟိုဆေးလူးဝစ် ရိုဒရီဂွတ်ဇ် ဇာပါတီရို။

ကန်နှင့် အီရတ်ပူးပေါင်းတပ်ဖွဲ့ များ ဖလူးဂျာမြို့တွင် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အမေရိကန်နှင့် အီရတ်ပူးတွဲတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ ဖလူးဂျာမြို့ရှိ ယခင်စစ်သွေးကြွ ခြေကုပ်စခန်းဟောင်းများကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက စီးနင်းတိုက်ခိုက်ခဲ့ရာ အီရတ်အရပ်သား အနည်းဆုံးခုနစ်ဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဖလူးဂျာမြို့သည် ဆွန်နီစစ်သွေးကြွများ၏ ခံတပ်မြို့တစ်မြို့ဖြစ်ခဲ့ဖူးပြီး ဘဂ္ဂဒက်မြို့၏ အနောက်ဘက် မိုင် ၄၀ အကွာတွင် တည်ရှိသည်။ သက်ဆိုင်ရာ တာဝန်ရှိသူတို့၏ အဆိုအရ အမေရိကန်နှင့် အီရတ် ပူးတွဲတပ်ဖွဲ့များသည် ဖလူးဂျာမြို့တွင်းရှိ ရပ်ကွက်တစ်ခုကို ဝန်းရံပိတ်ဆို့ခဲ့ပြီး လူနေအိမ်အမြောက်အမြားကို စီးနင်းတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံတွင်းရှိ အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘာရက်အိုဘားမားက စက်တင်ဘာ ၁ ရက်က ကြေညာခဲ့သော်လည်း စစ်သွေးကြွချေမှုန်းမှု စစ်ဆင်ရေးများတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို အမေရိကန်တပ်ဖွဲ့များက ကူညီနေရဆဲဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အီရတ်စစ်ပွဲဆိုင်ရာ နည်းဗျူဟာ အပြောင်းအလဲကာလတွင် စစ်သွေးကြွများသည် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များကို အဓိက ထိုးနှက်တိုက်ခိုက်လာကြသည်။ စက်တင်ဘာ ၁၅ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးကြောင်း သိရသည်။ **အေပီ။**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး စက်တင်ဘာ ၁၅

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး စက်တင်ဘာ၁၅ ရက် အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၄၀ ဦးရှိပြီး အပြင်းအထန်ထိခိုက် ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၇၉၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၁၄၀ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၇၉၂ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ၁၅ ရက် အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၃၄၆၉ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၂၉၁၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၃၄၆၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၉၁၃ ဦး

အင်တာနက်။

လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တရုတ်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံဆွေးနွေးမည်

ပေကျင်း စက်တင်ဘာ ၁၅

လာမည့်ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်နှင့် အမေရိကန်သမ္မတ ဘာရတ်အိုဘားမားတို့ တွေ့ဆုံကြမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

နိုင်ငံတကာရေးရာ

အမေရိကန်သမ္မတနှင့် တရုတ်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား ပြဿနာများနှင့် နိုင်ငံတကာရေးရာ ကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ကုန်သွယ်ရေးမူဝါဒမှသည် လက်နက်ရောင်းချမှုများအထိ နှစ်နိုင်ငံအကြားဆက်ဆံရေးတွင် အဖုအထစ်ဖြစ်နေသော ပြဿနာများအား အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က ဖြေရှင်းရန်လိုအပ်လျက်ရှိသည်။

အရေးကြီးသော ခြေလှမ်း

လာမည့်နှစ် ဇန်နဝါရီလအတွင်း ဖြစ်လာဖွယ်ရှိသည့် တရုတ်သမ္မတဟူကျင်ထောင်း၏ အမေရိကန်ပြည်ထောင်စု ခရီးစဉ် မတိုင်မီ တရုတ်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပြန်လည်ထိန်းညှိနိုင်ရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဒေါ်လာ ၆၀ ဘီလီယံဖိုးရှိ လက်နက်များ အမေရိကန်က ဆော်ဒီသို့ ရောင်းရန်ကြံစည်

ဝါရှင်တန် စက်တင်ဘာ ၁၅

လာမည့်နှစ်များအတွင်း အမေရိကန် ဒေါ်လာ ၆၀ ဘီလီယံဖိုးရှိ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကို ဆော်ဒီအာရေဗျနိုင်ငံသို့ ရောင်းချရန် အမေရိကန်ပြည်ထောင်စုက စီစဉ်နေကြောင်း စက်တင်ဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြသည်။

ပြောင်းလဲနိုင်

ယင်းကဲ့သို့ လက်နက်များ ရောင်းချခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ စစ်ရေးချိန်ခွင်လျှာကို ပြောင်းလဲနိုင်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးစက်မှုလုပ်ငန်းကိုလည်း အကျိုးအမြတ်ဖြစ်ထွန်းစေမည်ဖြစ်သည်။

ခုနစ်ဆပိုမို

အမေရိကန်နိုင်ငံ၏ လက်နက်ရောင်းချရေး အဆိုပြုချက်သည် ဆော်ဒီအာရေဗျနိုင်ငံက ယခင်ဝယ်ယူခဲ့ဖူးသည့် တန်ဖိုးပမာဏထက် ခုနစ်ဆပိုမိုသည်။ ယင်းသို့ လက်နက်များ အများအပြားဝယ်ယူမည့် အကြံအစည်၏ နောက်ကွယ်တွန်းအားမှာ အီရန်နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံသည် ပါရှန်ပင်လယ်ကွေ့ဒေသ၏ လုံခြုံရေးကို ခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အေပီ။**



ဗုံးလန့်မှုဖြစ်ပွားခဲ့ပြီးနောက် အိုင်ဖယ်လ်တာဝါကို ပြန်လည်ဖွင့်လှစ်

ပါရီ စက်တင်ဘာ ၁၅

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ အိုင်ဖယ်လ်တာဝါ မျှော်စင်၌ ဗုံးလန့်မှုဖြစ်ပွားခဲ့ပြီးနောက် စက်တင်ဘာ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိုင်ဖယ်လ်တာဝါ၌ ဗုံးထောင်ထားသည်ဟု လူတစ်ဦးက တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ပြီးနောက် စက်တင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ယင်းမျှော်စင်နှင့် အနီးဝန်းကျင်ရှိ အဆောက်အအုံများ၌ ရှိနေသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

တာဝန်ရှိသူများသည် လူပေါင်း ၂၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးခဲ့ပြီးနောက် ၃၂၄ မီတာ(၁၀၆၃ ပေ)အမြင့်ရှိ အိုင်ဖယ်လ်တာဝါမျှော်စင်ကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြောင်း မြို့တော်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အိုင်ဖယ်လ်တာဝါမျှော်စင်၌ မည်သည့်ဗုံးကိုမျှ ရှာဖွေတွေ့ရခြင်းမရှိဟု လုံခြုံရေးကျွမ်းကျင်သူများက ပြောကြားခဲ့ကြသည်။

ပါရီရှိ စိန့်မိုက်ကယ်မြေအောက်ရထားဘူတာရုံတွင်လည်း အလားတူ ဗုံးလန့်မှုဖြစ်ပွားခဲ့ပြီး ဘူတာရုံအတွင်း ရှိနေသူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အဆိုပါ ဘူတာရုံသည် ၁၉၉၅ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုခံခဲ့ရပြီး ရှစ်ဦးသေဆုံးခဲ့သည်။

ပါရီတွင် ဗုံးခွဲရန် ခြိမ်းခြောက်မှုများကို မည်သူတို့က ပြုလုပ်သည်ဆိုခြင်းနှင့် စပ်လျဉ်း၍ မသိရပေ။ **အေပီ။**

အကာဘာမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနိုင်ကြောင်း ဂျော်ဒန်ဆိုင်ရာ အမေရိကန်သံရုံးက သတိပေး

အမ္မာန် စက်တင်ဘာ ၁၅

ဂျော်ဒန်နိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့ အကာဘာတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနိုင်မည့် အလားအလာများရှိကြောင်း ဂျော်ဒန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ယင်းနိုင်ငံရှိ အမေရိကန်နိုင်ငံသားများကို သတိပေးခဲ့ပြီး လာမည့် ၄၈ နာရီအတွင်း အကာဘာမြို့သို့ သွားရောက်ခြင်းမပြုရန် ညွှန်ကြားထားကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။

အကာဘာ ပင်လယ်ကွေ့ဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာနိုင်မှုနှင့်ပတ်သက်၍ လက်ခံနိုင်လောက်ဖွယ် သတင်းအချက်အလက်များကို ရရှိထားကြောင်း ဂျော်ဒန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဂျော်ဒန်လုံခြုံရေး တာဝန်ရှိသူများက အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပေါ်လာဖွယ်ရှိသည့် အန္တရာယ်နှင့် ပတ်သက်၍ ၎င်းတို့အနေဖြင့် သတင်းမရရှိသေးကြောင်း ပြောကြားသော်လည်း အမေရိကန်သံရုံးကမူ အမေရိကန်နိုင်ငံသားများ အကာဘာမြို့သို့ ပုဂ္ဂိုလ်ရေးအရ သွားရောက်မှုများကို တားမြစ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းအပြင် အကာဘာမြို့၌ နေထိုင်သော အမေရိကန်နိုင်ငံသားများကို မြို့လယ်နှင့် ဆိပ်ကမ်းနယ်မြေများသို့ သွားရောက်ခြင်းမပြုရန်လည်း တိုက်တွန်းထားသည်ဟု ဆိုသည်။ **အေပီ။**

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ တိုးတက်သည့်လက္ခဏာမပြ

ပေကျင်း စက်တင်ဘာ ၁၅

အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဖုအထစ်သဖွယ် ဖြစ်နေသော ပင်မပြဿနာများကို အင်္ဂါနေ့က အဖြေရှာရန် ကြိုးစားခဲ့သော်လည်း ပြတ်သားသောရလဒ်မျိုး ထွက်ပေါ်ခဲ့ခြင်းမရှိကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းတွင် ဖော်ပြသည်။

ဒုတိယအကျော့ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်များသည် ဂျူးအခြေစိုက် အိမ်ရာပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။ ယင်းအပြင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်တို့သည် အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်အပန်းဖြေစခန်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အရှေ့အလယ်ပိုင်း ပြဿနာပြေလည်နိုင်ဦးမည့်လက္ခဏာ မပြခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံ ကျန်ရှီပြည်နယ် ကျူကျင်းမြို့ ဘူတာရုံတစ်ခုမှ စမ်းသပ်မောင်းနှင်ရန် ထွက်ခွာလာသော တရုတ်မြန်နှုန်းမြင့် ရထားတစ်စင်းကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ [ကျန်ရှီပြည်နယ် နန်ချန်မြို့နှင့် ကျူကျင်းမြို့အကြား ဆက်သွယ်ထားသော မြို့ချင်းဆက် မြန်နှုန်းမြင့် ရထားလမ်းတွင် စက်တင်ဘာ ၂၀ ရက်မှစ၍ ရထားစတင်ပြေးဆွဲရန် စီစဉ်ထားသည်။] **ဓာတ်ပုံ-ဆင်ဟွာ။**

ဖမ်းဆီးခံထားရသော တရုတ်ငါးဖမ်းသင်္ဘော ဌာနေသို့ ပြန်လည်ရောက်ရှိ

ပေကျင်း စက်တင်ဘာ ၁၅

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြန်လွှတ်ပေးလိုက်သော တရုတ်ငါးဖမ်းသင်္ဘောသည် ယနေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ငါးဖမ်းသင်္ဘောသည် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန့်ပြည်နယ် ကွမ်ကျိုးမြို့ရှိ ရှန်ဟူ ငါးဖမ်းသင်္ဘော ဆိပ်ကမ်းသို့ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြန်လည်ဆိုက်ရောက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

သင်္ဘောသား ၁၅ ဦး လိုက်ပါသည့် ယင်းငါးဖမ်းသင်္ဘောသည် စက်တင်ဘာ ၇ ရက်က ဂျပန်ကမ်းခြေစောင့် သင်္ဘောနှစ်စင်းနှင့် တိုက်မိပြီးနောက် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်္ဘောသား ၁၄ ဦးသည် တရုတ်အစိုးရ၏ စင်းလုံးငှား လေယာဉ်တစ်စင်းဖြင့် ဖူကျန့်ပြည်နယ် ဖူကျိုးမြို့သို့ ပြန်လည်ရောက်ရှိပြီ ဖြစ်သော်လည်း ငါးဖမ်းသင်္ဘောရေယာဉ်မှူးကိုမူ ဂျပန်တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းထားကြောင်း သိရသည်။ **ဆင်ဟွာ။**

ဗင်နီဇွဲလားစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း အင်္ဂါနေ့က ပင်လယ်အတွင်းသို့ ပျက်ကျခဲ့ရာ နှစ်ဦးသေဆုံး၍ ငါးဦး ဒဏ်ရာရခဲ့ပြီးနောက် မာဂါရီတာကျွန်းရှိ စစ်အခြေစိုက်စခန်းအနီး ရေပြင်တွင် ရှာဖွေလျက်ရှိသော ကယ်ဆယ်ရေးသမားများနှင့် ငါးဖမ်းသမား များကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-ဆင်ဟွာ။

စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်တက်မှု ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်ကို ခြိမ်းခြောက်နေ

လန်ဒန် စက်တင်ဘာ ၁၅

နှံစားသီးနှံ၊ အသားနှင့် သကြားဈေးနှုန်းများ မြင့်တက်လာမှုသည် အာဟာရချို့တဲ့မှု ပြဿနာနှင့် ကြုံနေရသော ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ နီးပါးခန့်အတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှု ပြဿနာသည် ဘဏ္ဍာရေးအကျပ်ဆိုက်မှု ပြဿနာ မတိုင်မီကာလ အခြေအနေအတိုင်းသာ ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ငတ်မွတ်ခေါင်းပါးမှု ပြဿနာကို လျှော့ချရေး လှုပ်ရှားမှုများအတွက် အဟန့်အတား ဖြစ်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က အင်္ဂါနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အက်ဖ်အေအို၏ ခန့်မှန်းချက်အရ ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ၉၂၅ သန်းသည် အာဟာရချို့တဲ့မှု ပြဿနာနှင့် ရင်ဆိုင်နေကြရသည်ဆိုသည်။

ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးမှု ပြဿနာနှင့် ကြုံနေရသူ လူဦးရေသည် ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော် ကာလမှစ၍ တဖြည်းဖြည်း မြင့်တက်လာပြီး ၂၀၀၉ခုနှစ်တွင် စံချိန်တင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဆေးပညာသတင်းဆန်းများ [၉]

ဒေါက်တာတက်ထွန်း

နေ့စဉ်နှစ်ကြိမ် ပလုတ်ကျင်း၊ သွားတိုက်ပေးပါ

နေ့စဉ်နှစ်ကြိမ် မှန်မှန်ပလုတ်ကျင်းပေးခြင်း၊ သွားတိုက်ပေးခြင်းဟာ သွားနှင့် သွားဖုံးရောဂါတွေကိုသာ ကာကွယ်ပေးခြင်းမဟုတ်ဘဲ ကိုယ်ခန္ဓာရှိ တခြားရောဂါများကိုလည်း ထိရောက်စွာ ကာကွယ်ပေးနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်သတင်းကို ပထမဦးစွာ တင်ပြလိုပါတယ်။

ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ State University of New York နှင့် Australlia နိုင်ငံ မဲလ်ဘုန်းတက္ကသိုလ် သွားကောလိပ်မှ ဆေးသိပ္ပံပညာရှင်တို့က ဖော်ထုတ်လိုက်တာဖြစ်ပါတယ်။

သွားရောဂါနှင့် သွားဖုံးရောင်ရောဂါများဟာ သွားနှင့် ခံတွင်းကိုသာ ဒုက္ခဖြစ်စေတာမဟုတ်ဘဲ ခန္ဓာကိုယ်တစ်ခုလုံးမှာဖြစ်နိုင်တဲ့ Rheumatoid Arthritis လို့ခေါ်တဲ့ အဆစ်အမြစ်ရောင်ရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်ရောဂါဖြစ်တဲ့ အမေ့လွန်ရောဂါ (Dementia) နှင့် လည်ပင်းနှင့် ဦးနှောက်မှာဖြစ်တဲ့ ကင်ဆာရောဂါများထိ ဖြစ်ပေါ်နိုင်ကြောင်း လေ့လာတွေ့ရှိထားပါတယ်။

သွားဖုံးရောင်ရောဂါဟာ သာမန်အားဖြင့် ဒုက္ခမပေးနိုင်ဘူးလို့ ထင်ရပေမယ့် ခံတွင်းနှင့် ပါးစပ်ရဲ့ (Muscosa Lining) တွေကို ရောင်ရမ်းမှုဖြစ်ပေါ်စေပြီး ၎င်းရောင်ရမ်းမှုကနေ မျိုးရိုးဗီဇပြောင်းလဲမှု (Genetic Changes)တွေဖြစ်ပေါ်လာနိုင်ပြီး ကင်ဆာဖြစ်စေနိုင်တယ်လို့ တင်ပြထားကြပါတယ်။

ဒါကြောင့် ငယ်စဉ်ကပင် နေ့စဉ်နှစ်ကြိမ် မှန်မှန်ပလုတ်ကျင်းပြီး သွားကြားမှာရှိတဲ့ အစာတွေကို ဖယ်ထုတ်ရှင်းလင်းဖို့ တစ်နေ့နှစ်ကြိမ် တစ်ခါကို နှစ်မိနစ်ခန့် မှန်မှန်သွားတိုက်ပေးခြင်းဖြင့် သွားနှင့်ခံတွင်းရောဂါတွေကိုသာမက ခန္ဓာကိုယ်တွင်းရောဂါတွေကိုပါ ကာကွယ်နိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အမျိုးသမီးများ သတိပြုစရာ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးဆုံးချိန်အမျိုးသမီးများအတွက် သတိထားရမယ့် လေ့လာတွေ့ရှိချက်သတင်းများပဲ ဖြစ်ပါတယ်။ အမျိုးသမီးများ သွေးဆုံးခါနီး တစ်နှစ်ဝန်းကျင်လောက်မှာ သွေးထဲက Cholestrol ဓာတ်ဟာ မြင့်တက်လာတတ်ကြောင်း အထူးသဖြင့် မြင့်တက်လာတဲ့ Cholestrol အမျိုးအစားဟာ လူတွေကို ဒုက္ခပေးလို့ Bad Cholestrol လို့ခေါ်တဲ့ Low Density Lipoprotein (LDL) အမျိုးအစားဖြစ်တာကြောင့် သတိထားဖို့လိုကြောင်း တွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ University of Pittsburgh က ပါမောက္ခ Dr.Karen Methews ခေါင်းဆောင်တဲ့ ဆေးသိပ္ပံသုတေသီတစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့အဆိုအရ သွေးဆုံးချိန်ပတ်ဝန်းကျင်နှစ်နှစ်ကာလအတွင်း ၎င်း LDL ဟာ သွေးထဲမှာ ၁၀ ရာခိုင်နှုန်းခန့် တိုးလာနိုင်ကြောင်း၊ ဒါဟာ နှလုံးရောဂါဖြစ်ဖို့ ဦးတည်နေကြောင်းနှင့် ဒီအချိန်မှာ လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ ဆေးလိပ်၊ အရက်တို့ ဖြတ်ခြင်း၊ သင့်တော်တဲ့ အစားအသောက်ပုံစံကို ပြောင်းလဲစားသောက်ခြင်းဖြင့် ကာကွယ်နိုင်ကြောင်း တင်ပြထားပါတယ်။

အမျိုးသမီးတွေ ဟိုမုန်းအစားထိုးကုသနည်းရဲ့ ဂယက်

နောက်သတင်းတစ်ပုဒ်ကတော့ ယခင်က သွေးဆုံးပြီး အမျိုးသမီးတွေမှာ အသုံးပြုခဲ့ကြတဲ့ ဟိုမုန်းအစားထိုးကုသနည်း Hormone Replacement Therapy (HRT) ကုထုံးဟာ ၂၀၀၂ ခုနှစ်က တွေ့ရှိချက်တစ်ခုကြောင့် အတော်လေးဂယက်ရိုက်ခဲ့ပြီး ၎င်းကုထုံးကို အသုံးပြုနေသူ အမျိုးသမီးသုံးပုံနှစ်ပုံခန့်ဟာ ၎င်းဆေးများကို သုံးစွဲခြင်းက ရပ်တန့်ခဲ့ကြပါတယ်။

ယင်းတွေ့ရှိချက်ကတော့ ယင်းကုထုံးကို အသုံးပြုနေသူ အမျိုးသမီးတချို့မှာ သွေးတိုး၊ နှလုံးနှင့် လေဖြတ်ခြင်း၊ ကင်ဆာရောဂါဖြစ်စေခြင်းကြောင့်ဟု သိခဲ့ရပါတယ်။

ဒါပေမယ့် Australlia နိုင်ငံ Royal Ade Laide တက္ကသိုလ်မှ ဆေးသိပ္ပံပညာရှင်တစ်စုကတော့ အဆိုပါ တွေ့ရှိချက်ကို မပြောပကြောင်း၊ စောစောသွေးဆုံးတတ်တဲ့ အမျိုးသမီး (ဥပမာ အသက်၄၅ နှစ် ၅၀) များမှာ ယင်း HRT ကုထုံးဟာ မဖြစ်မနေလိုအပ်ကြောင်းနှင့် အသက် (၆၀) အရွယ်ထိ လုံးဝအသုံးပြုသင့်ကြောင်း၊ ယင်းအရွယ်ကျော်လွန်ပါက HRT ကုထုံးကို လျှော့ပေါ့ပြီး (Osteoprosis) ကိုကာကွယ်ရန် Calcium နှင့် Vitamin D တို့ကို ပူးတွဲစားသုံးသင့်ကြောင်း၊ လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ရန်လည်း လိုအပ်ကြောင်း ၎င်းတို့၏ တွေ့ရှိချက်ကို ဖော်ပြထားပါတယ်။ အမျိုးသမီးများအတွက် ငယ်စဉ်ကပင် တစ်ပတ်မှာ အနည်းဆုံး မိနစ် ၁၈၀ ခန့် ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်လုပ်ပေးခြင်းဟာ Bone Density လျော့ကျလာမှုကို ကာကွယ်နိုင်ပြီး အသက်ကြီးတဲ့အခါ Osteoporosis ဖြစ်တာကနေပြီး အထူးကာကွယ်နိုင်ကြောင်းလည်း လေ့လာချက်တစ်ခုမှာ တင်ပြထားပါတယ်။ ဒါကြောင့် သွေးစောစောဆုံးသူ အမျိုးသမီးများအတွက် HRT ကုထုံးဟာ အထူးလိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

အဆုတ်ကင်ဆာ ကာကွယ်ဆေးတစ်မျိုးတွေ့ရှိ

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်ဖြတ်ထားသူတွေမှာ အဆုတ်ကင်ဆာက ကာကွယ်နိုင်တဲ့ ဆေးတစ်မျိုးကို တွေ့ရှိထားပြီဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းကို အမေရိကန် အဆုတ်နှင့် ရင်ခေါင်းရောဂါဆိုင်ရာ အသင်းကြီးက New Orleans ပြည်နယ်မှာပြုလုပ်ခဲ့တဲ့ အစည်းအဝေးကြီးမှာ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီဆေးဟာ Iloprost ခေါ်တဲ့ စားဆေးဖြစ်ပြီး ဒီဆေးဟာ Prostaglandin ဆေးအုပ်စုမှာပါဝင်ပြီး ဒီဆေးကို နဂိုက အဆုတ်ရောင်ရောဂါ Pulmonay Hypertension လို့ခေါ်တဲ့ အဆုတ်မှာ သွေးစုပ္မွန်းကျပ်တဲ့ရောဂါ Scleroderma ခေါ်တဲ့ အရေပြားရောင်ရောဂါ၊ အာရုံကြောရောင်ရောဂါဖြစ်တဲ့ Raynand's ရောဂါတို့မှာ အသုံးပြုခဲ့ကြတာ ဖြစ်ပါတယ်။ ဒီဆေးဟာ နဂိုက ရှူဆေး (Inhalent) အဖြစ်ရှိနေပြီး ယခုစားဆေးအသွင်ဖြင့် ဆေးလိပ်ဖြတ်ထားသူတွေမှာ၊ တချို့ဆေးလိပ်သောက်ဆဲလူတွေမှာပါ အဆုတ်ကင်ဆာရောဂါက ကာကွယ်နိုင်တယ်ဆိုတာ အဆုတ်ကင်ဆာတိုက်ဖျက်ကုသရေးအတွက် အမျိုးမျိုးသုတေသနပြု လေ့လာနေတဲ့ Dr. Robert Keith ဦးဆောင်တဲ့ Veterans Affairs Medical Centre မှ သုတေသီတစ်စုက တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ အိမ်ထောင်ပြုကြပြီး ကလေးမရနိုင်ဖြစ်နေသူများအတွက် သတင်းကောင်းတစ်ပုဒ်ပါ။ ဇရာကိုတားဖို့ ကြိုးစားရာမှာ ကုထုံးတစ်ခုအဖြစ် ပါဝင်နေတဲ့ DHEA (Dehydroepiandrosterone)ဆိုတဲ့ ဆေးဟာ ကလေးမရနိုင်ဖြစ်နေတဲ့ အမျိုးသမီးတွေမှာ နေ့စဉ် ပုံမှန် (75 mg) ခန့် စားသုံးပေးခြင်းဖြင့် ကလေးရနိုင်ခြေ သုံးဆခန့်ပိုလာနိုင်တယ်လို့သိရပါတယ်။ ဒီတွေ့ရှိချက်ကို Israel နိုင်ငံ Tel Aviv တက္ကသိုလ် Meir Medical Centre မှ သုတေသီတစ်စုက တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။

၎င်းတို့က ကိုယ်ဝန်ဆောင်ရန် နဂိုစားရိုးစားစဉ်ဆေးများအပြင် အဆိုပါ DHEA 75 mg ကို ကျွေးသော အုပ်စုနှင့် မကျွေးသောအုပ်စုနှစ်စုကို ယှဉ်ပြီး စမ်းသပ်မှု ပြုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ်ဝန်ဆောင်လိုသူ အမျိုးသမီးနှင့် ခင်ပွန်းများ ကိုယ်ဝန်ရရှိနိုင်အောင် ရောဂါဘယကင်းရှင်းပြီး ကျန်းမာအောင်နေထိုင်ဖို့၊ အာဟာရပြည့်ဝအောင်စားဖို့၊ စိတ်ဖိစီးမှုနည်းနိုင်သမျှ နည်းအောင်နေထိုင်ဖို့၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးတွေကို မမှီဝဲဖို့၊ ခဲဆိပ်၊ ပိုးသတ်ဆေး၊ ဓာတ်ရောင်ခြည်တွေရဲ့ရန်ကို ကာကွယ်ဖို့နှင့် အနေအထိုင်မှာလည်း ဂျင်းဘောင်ဘီကျပ်ကျပ်ဝတ်တာ၊ ရေပူစိမ်တာ၊ နေ့စဉ်စက်ဘီးများများစီးတာကအစ မပြုလုပ်ကြဖို့နဲ့ မုတ္တရောဂါ၊ ကပ်ပယ်အိတ်ရောင်ရောဂါ၊ ဆီးပူညောင်းကျရောဂါ၊ ကာလသားရောဂါတို့ ရှိရင်လည်း မြန်မြန်ပျောက်ကင်းအောင် ကုသကြဖို့နဲ့ ယခု DHEA ဆေးကိုလည်း တစ်နေ့ 75 mg ယောက်ျားရော မိန်းမပါ စားသုံးကြည့်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

Vitamin E ဆိုတာ အစွမ်းထက်ဆေးတစ်လက်

နောက်ဆုံးသတင်းတစ်ပုဒ်ကတော့ ခုနက ကိုယ်ဝန်ဆောင်ချင်သူ အမျိုးသမီးများကို သားဖွားနှင့် မီးယပ်ဆရာဝန်ကြီးတွေက ပေးလေ့ပေးထရှိတဲ့ Vitamin E က အဝလွန်သူတွေမှာဖြစ်တဲ့ အသည်းရောင်ရောဂါတစ်မျိုး (Steatohepatitis) ရောဂါကို ကုသရာမှာ အထူးအစွမ်းထက်တဲ့ ဆေးဖြစ်တယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ် နယူးယောက်မြို့ Morgan-Stanley ကလေးဆေးရုံမှ ဆရာကြီးတွေက ၁၉၉၀ ပြည့်နှစ်ကပင် စတင်လေ့လာခဲ့ပြီး တွေ့ရှိခဲ့ကြတာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ နဂို ယင်းအသည်းရောင်ရောဂါအတွက် ပေးတဲ့ဆေးများအပြင် Vitamin E ကိုပါထည့်သွင်း ကုသပေးခြင်းကြောင့် အသည်းရောင်ရောဂါမှတစ်ဆင့် ဖြစ်ပေါ်လာမယ့် အသည်းကြွပ်ရောဂါ (Cirrhosis Liver) နှင့် အသည်းကင်ဆာရောဂါတို့ကို ကာကွယ်ပေးနိုင်ခဲ့တယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ဆုချီးမြှင့်

ရန်ကုန်မြောက်ပိုင်းခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၃၀ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြရောခန်းမ၌ ကျင်းပရာ စံပြမိခင်ဆု ရရှိသူများနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆိုင်ရာ ဗဟုသုတ ပြိုင်ပွဲတွင် ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး ဆုချီးမြှင့်စဉ်။

(၅၃၂)

MCPA JENESYS Free Talk ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

"၂၁ရာစု အရှေ့အာရှ လူငယ်ကျောင်းသား ချစ်ကြည်မှုဖလှယ်ရေးအစီအစဉ်ကြီး (JENESYS Programme)" ကို ဂျပန်အစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်အင်တာနေရှင်နယ် ကိုအော်ပရေးရှင်းစင်တာ (JICE) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝန်းရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းဝင် လူငယ်အိုင်တီပညာရှင် ၂၆ ဦးကို ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ကာလတို လေ့လာရေးခရီးသွားရောက်ခဲ့သည်။ သို့ဖြစ်၍ မြန်မာအိုင်တီလူငယ်ပညာရှင်များက အတွေ့အကြုံ ရှင်းလင်းချက်များနှင့် အတူ MCPA JENESYS Free Talk အစီအစဉ်ကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀နာရီမှ မွန်းတည့်၁၂ နာရီအထိ Conference Hall, ပင်မဆောင် မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသေး စိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း အဆောင် (၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးလက်တံတား ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်သည် စက်တင်ဘာ ၁၂ ရက်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရားငုတ္တို ကျေးရွာရှိ သစ်သားတံတားကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောက်ပို့မှီ

ပေးအပ်လှူဒါန်း

မြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ သန့်ရှင်းရေးသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက်က ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းကိုးကျောင်းအတွက် ကုန်ကျစရိတ် ၁၈၅၀၀၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံးပစ္စည်း ၁၉ မျိုးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

မအူပင်မြို့နယ် မအူလေးပင်ချောင်းကူးတံတားသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မအူလေးပင်ချောင်းကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မအူပင်-တွံတေး လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

ရှေးဦးစွာ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူက မအူလေးပင်ချောင်းကူးတံတားနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား မအူပင်မြို့နယ် ထနီးကျေးရွာမှ ရပ်မိရပ်ဖ ဦးစောနယ်လ်ဆင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ယင်းနောက် မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ရပ်မိရပ်ဖ ဦးမြင့်နိုင်တို့က ထနီးကျေးရွာ မအူလေးပင်ချောင်းကူးတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မအူလေးပင်တံတားသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ထနီးကျေးရွာ မအူလေးပင်ချောင်းကူးတံတားသည် တံတားအရှည် ၁၀၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေရှိ ကွန်ကရစ်တိုင်၊ သံပေါင်နှင့် သစ်သားကြမ်းခင်းတံတားဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော တံတားဖြစ်သည်။ ယခုကဲ့သို့ တံတားသစ်ဆောက်လုပ်ပေးနိုင်မှုကြောင့် မအူပင်မြို့နယ် အတွင်းရှိ ထနီး၊ သောင်ဇား၊ လေးအိမ်စု၊ လက်ကျားကြီးကျေးရွာအုပ်စု လေးခု အတွင်းရှိ ကျေးရွာ ၃၁ ရွာနေ ကျေးလက်ပြည်သူများသည် မအူလေးပင် ချောင်းကူးတံတားသစ်ကို အသုံးပြု၍ ကျေးရွာတစ်ရွာမှ တစ်ရွာသို့ လည်းကောင်း၊ မအူပင် - တွံတေး ကားလမ်းမှတစ်ဆင့် ရန်ကုန်မြို့နှင့် မအူပင်မြို့များသို့ လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်၍ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေသည့် မအူပင်-တွံတေးကားလမ်း လှိုင်းတာရေတံခါးနှင့် ခတ္တိယလမ်းပိုင်း မိုင်တိုင်အမှတ် (၅/၁)ရှိ ကျောက်ခင်းလမ်းဆောင်ရွက်နေသော လမ်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မအူပင်-တွံတေးကားလမ်းပိုင်း လှိုင်းတာရေတံခါးမှ ခတ္တိယတံတားအထိ လမ်းအရှည်(၈/၁)မိုင်၊ လမ်းအကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်တည်း ပြုပြင်

ထို့နောက် ဝန်ကြီးက ကျောက်လမ်းမခင်းရသေးသည့် မြေသားလမ်းပိုင်းကို မိုးရာသီအတွင်း အသုံးပြုနိုင်ရန်၊ ကျောက်လမ်းခင်းခြင်း အမြန်ဆောင်ရွက်ရန်၊ ရာသီဥတုကောင်းမွန်သည်နှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း စတင်ရန်၊ ယခင်ပျက်စီးနေသည့် ကျောက်လမ်းအပိုင်းများကို တစ်ပြိုင်တည်း ပြုပြင်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မိုင်တိုင်အမှတ် (၅/၁)တွင် လက်ရှိကျောက်ခင်းလမ်း အကျယ် ၁၂ ပေအား အကျယ် ၁၈ ပေ ရရှိအောင် တစ်ဖက် ၃ ပေစီ ကျောက်ခင်းလမ်းတိုးချဲ့မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားခဲ့သည်။

အလားတူ မအူပင်-တွံတေးလမ်းပိုင်း တွံတေး(မြဂိုးကျေးရွာ)မှ တွံတေးတံတားအထိ(၈/၃)မိုင်ရှိ လမ်းအပိုင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က မြေသားလမ်းအသစ် စတင်ဖောက်လုပ်လျက်ရှိရာ လမ်းအရှည် ခြောက်မိုင်ခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ပွင့်လင်းရာသီတွင် လမ်းအကျယ် ၁၈ ပေရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းများ ဖောက်လုပ်ပြီးစီးပါက မအူပင်မြို့မှ ရန်ကုန်မြို့သို့ မအူပင်-ခတ္တိယတံတား-တွံတေး (မြဂိုးကျေးရွာ)-တွံတေးတံတား-ရန်ကုန် (လှိုင်သာယာ) လမ်းကြောင်းအတိုင်း ကတ္တရာလမ်းအကျယ် ၁၈ ပေ၊ လမ်းအရှည် ၃၆ မိုင်ရှိ ဒုတိယဆက်သွယ်ရေးလမ်းတစ်လမ်း ပေါ်ပေါက်လာမည် ဖြစ်သည်။ ရန်ကုန် - မအူပင် မူလလမ်းကြောင်းဖြစ်သည့် အရှည် ၅၁ မိုင်ရှိ ရန်ကုန်-ဆားမလောက်-ကဇိုင်းလမ်းခွဲ-မအူပင် လမ်းကြောင်းထက် အကွာအဝေး ၁၅ မိုင်ခန့် လျော့နည်းသွားမည်ဖြစ်သည်။

ကျေးဇူးတင်စကား ပြောကြား

ယင်းနောက် ဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မအူပင်မြို့နယ် ပံတပွတ်ကူးတို့ဆိပ် ဇက်ရေယာဉ်ရေချခြင်း အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူက ဇက်ရေယာဉ်တည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မအူပင်မြို့နယ် ပံတပွတ်ကျေးရွာမှ ဒေသခံပြည်သူ ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ရပ်မိရပ်ဖ ဦးမြင့်နိုင်တို့က ဇက်ရေယာဉ်ရေချခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဇက်ရေယာဉ်သစ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ဇက်ရေယာဉ်ဖြင့် မော်တော်ယာဉ်တင်ဆောင်ဖြတ်ကူးမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဇက်ရေယာဉ်သည် အလျား ၃၅ ပေ၊ အနံ ၁၂ ပေ၊ ရေစူးလေးပေရှိ သံကိုယ်ထည် စက်တပ်ဇက်ရေယာဉ်ဖြစ်ပြီး ယာဉ်နှင့် ကုန်အလေးချိန် ငါးတန်အထိ တင်ဆောင်နိုင်ကာ စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မအူပင်မြို့နယ် သုံးခွကျွန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၂ ခု၊ ကျေးရွာပေါင်း ၄၈ ရွာနေ ကျေးလက်ပြည်သူများသည် သုံးခွကျွန်းတာပေါင်ပတ်ကတ္တရာလမ်းမှတစ်ဆင့် မအူပင်မြို့သို့ ပံတပွတ်ကူးတို့ဆိပ်မှ ယခုကဲ့သို့ အဆိုပါ ဇက်ရေယာဉ်သစ်ဖြင့် လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း မက္ကဆီကို လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ပက်ထရစ်ရှာ အက်စ်ပီနိုစာ ကန်တယ်လ်လာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

☆ကျောဖုံးမှ

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး) တို့၏ အနီးကပ် ပံ့ပိုးအားပေးမှုများနှင့်အတူ မြန်မာမြားပစ်အဖွဲ့မှာ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။

ပါဝင်

ပြိုင်ပွဲဝင် မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း၊ အုပ်ချုပ်သူများအဖြစ် ဦးသန်းကြိုင်၊ ဦးသိန်းသန်းနိုင်၊ ဒေါ်သီတာဝင်း၊ နည်းပြများအဖြစ် ဦးအောင်သူရ၊ ဒေါ်သီသီဝင်း၊ ဒေါ်မြတ်သူဇာမြင့်၊ အားကစားသမားများ အဖြစ် Recurve အမျိုးသား ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ ရှိန်းထက်ကျော်၊ အမျိုးသမီး-သင်းသင်းခိုင်၊ သဇင်အောင်၊ လိုင်းနိုင်း၊ ကြည်ကြည်ခင်၊ ယုနန္ဒာအောင်၊ စန်းယုထွေး၊ Compound အမျိုးသား-ရဲမင်းဆွေ၊ ပိုင်မြတ်သူ၊ ချစ်ဝင်းရှိန်၊ စောမြကျော်သူ၊ အောင်ခြိမ့်ဘော်၊ ဇာနည်ထက်၊ အမျိုးသမီး-အောင်ငှိမ်း၊ လှလှစံ၊ ယောစိမ်းယ၊ တင်ဇင်အိ၊ ဟုန်းထန်းအွယ်နှင့် မြတ်သန္တာတို့ ပါဝင်ကြသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -သေရည်သေရက်မေတ္တာစာ
၇း၃၀	၄။	ခမ္မပူဇာတေး
၇း၃၅	၅။	မျိုးချစ်တပ်မတော်
၇း၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၄)
၇း၀၀	၁၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၄၉)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	အလင်းရောင် (အပိုင်း-၁)
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၇)**
	၂၃။	ဂီတရင်ခုန်သံ
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် လှိုင်ကော်သစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ဝန်ကြီး ဦးသိန်းအောင် ကယားပြည်နယ် သစ်ဆိပ်နှင့် သစ်တောလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ လွိုင်ကော်သစ်ဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းထွန်းက ၂၀၁၀-၂၀၁၁ ခုနှစ် ကယားပြည်နယ်အတွင်း သစ်ထုတ်မည့်စီမံချက်နှင့် သစ်ထုတ်လမ်းများဖောက်လုပ်ရန် စီမံထားရှိမှု၊ သစ်စက်များသို့ သစ်လုံးအပ်နှံပြီးစီးမှုနှင့် သစ်ဆိပ်သို့ သစ်လုံးများရောက်ရှိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် သစ်ဆိပ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့ရှိ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိရာ ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က ၂၀၁၀-၂၀၁၁ ခုနှစ် သစ်တောဦးစီးဌာန သစ်မာစိုက်ခင်းနှင့် ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု၊ ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ကယားပြည်နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပြီး ဌာနရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က တန်ပို တင်လာသော ကားများအား စစ်ဆေးနေစဉ်။

○ မြန်မာနိုင်ငံမှ

ယာဉ်အသုံးပြုမှုစရိတ်ကို လျှော့ချနိုင်ပါက သယ်ယူပို့ဆောင်စရိတ်လျှော့နည်းပြီး ကုန်ဈေးနှုန်းနှင့် ခရီးသွားလာမှုစရိတ် လျှော့ကျသွားမည်ဖြစ်သည်။ ယာဉ်အသုံးပြုမှုစရိတ်သည် လမ်းချောမွေ့ကောင်းမွန်ခြင်းနှင့် အချိန်တိုအတွင်း လိုရာခရီးသို့ ရောက်နိုင်မှုအပေါ် မူတည်လျက်ရှိသည်။

နိုင်ငံတိုင်း၌ လမ်းအင်ဂျင်နီယာများသည် လမ်းပျက်ယွင်းမှုနည်းစေရန် ဒီဇိုင်းစံချိန်စံညွှန်းအတိုင်း လမ်းများကို တည်ဆောက်စေလျက်ရှိပြီး လမ်းပေါ် သွားလာသည့် ယာဉ်များ၏ဖိအားသက်ရောက်မှု လျှော့နည်းစေရန်အတွက်ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဥပဒေစည်းကမ်းများထုတ်ကာ ထိန်းသိမ်းနေကြသည်။ ထို့အတူ ယာဉ်ထုတ်လုပ်သူများဘက်ကလည်း လမ်းပေါ် ကျရောက်မည့် ယာဉ်၏ဖိအားကို ပျံ့နှံ့နှုန်းလျော့နည်းသွားစေရန် ယာဉ်၏ဝင်ရိုး (Axle) နှစ်ခုမှသုံးခု၊ သုံးခုမှလေးခု၊ ငါးခု၊ ခြောက်ခု စသည်ဖြင့် ဒီဇိုင်းပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိနေကြပြီဖြစ်သည်။

၁၉၆၂ ခုနှစ်၌ ပြုလုပ်သော AASHTO Road Test က ယာဉ်၏ဝင်ရိုး (Axle) အလေးချိန်နှင့်လမ်းပျက်ယွင်းမှုပမာဏကို စမ်းသပ်တွေ့ရှိခဲ့သည်ဆို၏။ ယခင်ကာလများတွင် လမ်းဒီဇိုင်းပြုလုပ်ရာ၌ ယာဉ်၏သက်ရောက်မှုကို ပေါင် ၅၀၀၀ ရှိသော ဘီးရှိသည့်ယာဉ်စီးရေနှင့် လမ်းသက်တမ်းပေါ်မူတည်၍ စဉ်းစားခဲ့ကြသော်လည်း ယခုအချိန်၌ ယာဉ်အမျိုးအစားနှင့် ယာဉ်အရေအတွက် များပြားလာခြင်းကြောင့် လမ်းဒီဇိုင်းပုံစံထုတ်ရာ၌ စံဝင်ရိုးအလေးချိန် (Standard Axle Load) ပေါင် ၁၈၀၀၀ပေါ် မူတည်လျက်ဒီဇိုင်းထုတ်ကြသည်ဟု သိရသည်။ ထိုသို့



အဝေးပြေးလမ်းမကြီးပေါ်တွင် တန်ပိုတင်လာသော ယာဉ်တစ်စီးကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပညာပေးဆွေးနွေးနေစဉ်။

ဒီဇိုင်းထုတ်ရာ၌ AASHTO Road Test (U.S) မှ ရသော ပျက်ယွင်းကိန်း Damaging Factor ကို အသုံးပြုလျက်ရှိသည်။

ပျက်ယွင်းကိန်းဆိုသည်မှာ ယာဉ်တစ်စီးသည်လမ်းတစ်လမ်းကို စံဝင်ရိုးတစ်ခုမှ ပျက်ယွင်းစေနိုင်သည်ထက် အဆမည်မျှပျက်ယွင်းစေနိုင်သည်ကို ပြသည်။

$$\text{ပျက်ယွင်းကိန်း} = \left\{ \frac{\text{ယာဉ်၏ဝင်ရိုးတစ်ခုအလေးချိန်}}{\text{စံဝင်ရိုးအလေးချိန် (၁၈၀၀၀)ပေါင်}} \right\}^{\text{၄ မှ ၄.၅၅}}$$

နိုင်ငံတကာကျင့်စဉ်မှာ ယာဉ်ပမာဏကို ထိန်းချုပ်လေ့မရှိသော်လည်း ကုန်တင်ယာဉ်အမျိုးအစားနှင့် ဝင်ရိုးအရေအတွက်ပေါ်မူတည်ပြီး ယာဉ်တစ်မျိုးအတွက် စုစုပေါင်းရှိရမည့်အလေးချိန်ကို နိုင်ငံအလိုက်ကန့်သတ်ပေးလျက်ရှိရာ-

ထိုင်းနိုင်ငံတွင်

ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၁၂ တန်
ဝင်ရိုး(၃)ချာင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၂၁ တန်
ဝင်ရိုး(၅)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၃၉ တန်

စင်ကာပူနိုင်ငံတွင်

ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၁၆ တန်
ဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၂၄ တန်
ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - - တန်
နောက်ဆက်တွဲယာဉ်အများဆုံးမှာ ယာဉ်နှင့် ကုန်ပေါင်း -၂၄ တန်

မလေးရှားနိုင်ငံတွင်

ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၁၆ တန်
ဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၂၁ တန်
ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၂၅ တန်

အာဆီယံ(ASEAN)စံချိန်စံညွှန်း

ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - ၁၆ တန်
ဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း- ၂၁ တန်
ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်မှာ ယာဉ်နှင့် ကုန်ပေါင်း - - တန်
နောက်ဆက်တွဲယာဉ်အများဆုံးမှာ ယာဉ်နှင့် ကုန်ပေါင်း-၃၈တန်ဖြစ်သည်။

ဤကဲ့သို့ သတ်မှတ်ပေးခြင်းဖြင့် ဝင်ရိုးအသီးသီးမှတစ်ဆင့် လမ်းပေါ် သက်ရောက်အားများကိုမျှတပြီး လမ်းပျက်ယွင်းမှုနည်းစေသည်ဟု သိရသည်။ ယနေ့မြန်မာနိုင်ငံတွင် သွားလာနေသော ကုန်တင်ယာဉ်များမှာ-

ဝင်ရိုး(၂)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် ၁၃ တန်မှ ၂၀ တန်
ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် ၂၀ တန်မှ ၄၀ တန်
ဝင်ရိုး(၄)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် ၃၀ တန်မှ ၆၀ တန်
ဝင်ရိုး(၅)ခုပါ ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့် ၄၀ တန်မှ ၇၀ တန် တင်လျက်အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ချက်(Axle Load Limit)

ကုန်တင်ယာဉ်၏ စုစုပေါင်း အလေးချိန်နှင့် ဝင်ရိုးအရေအတွက်အရ ဝင်ရိုး အသီးသီး၏ ဘီးများမှတစ်ဆင့် လမ်းပေါ်သက်ရောက်သော အလေးချိန်အား Axle Load ဟုခေါ်သည်။ ယင်းဝင်ရိုးတစ်ခု၏ အများဆုံး အလေးချိန်သတ်မှတ်ချက် (Axle Load Limit)သည် နိုင်ငံတကာတွင် အောက်ပါအတိုင်း သတ်မှတ်ထားသည်။

နိုင်ငံအမည်	ဝင်ရိုးတစ်ခု၏အများဆုံးအလေးချိန်သတ်မှတ်ချက်
တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်	၁၀ တန်
စင်ကာပူနိုင်ငံတွင်	၁၀ တန်
ဂျပန်နိုင်ငံတွင်	၁၁ တန်
မလေးရှားနိုင်ငံတွင်	၁၀ တန်
အာဆီယံနိုင်ငံများတွင်	၁၀ တန်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် သွားလာနေသော ကုန်တင်ယာဉ်များသည် ဝန်ပို တင်ပြီး လမ်းများပေါ်တွင် သွားလာနေကြသဖြင့် သက်ရောက်လျက်ရှိသော Axle Load များသည် နိုင်ငံတကာဝင်ရိုးတစ်ခု အများဆုံးအလေးချိန် သတ်မှတ်ချက် ထက် ပိုမိုများနေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လမ်းနှင့်တံတားများ ထာဝရကောင်းမွန်စေရန် အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကို အဖွဲ့(၇)ဖွဲ့ ဖွဲ့စည်း၍ တန်ပိုယာဉ်၏ ဝင်ရိုးထမ်းအလေးချိန် စစ်ဆေးပညာပေးခြင်းအစီအစဉ်ကို ၂၀၁၀ ခုနှစ် ဇူလိုင်လမှ စတင်ပြီး AXLE LOAD WEIGHING MACHINES ရှိသော ရန်ကုန်-တောင်ငူ-မန္တလေးလမ်း နေပြည်တော်(ဗောဓိမြိုင်)ဂိတ်၊ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း ကျောက်ဆည်(စဉ့်ကိုင်)ဂိတ်၊ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း ပဲခူးဂိတ်၊ ဘုရားကြီး-ကျိုက်ထို-မြိတ်လမ်း ဘုရားကြီးဂိတ်၊ ရန်ကုန်-ပြည်-မကွေးလမ်း တိုက်ကြီးဂိတ်၊ ရန်ကုန်-ပုသိမ်လမ်း အောင်ဇေယျတံတားဂိတ်၊ ရန်ကုန်-ပုသိမ်လမ်း ဗိုလ်မြတ်ထွန်းတံတားဂိတ်တို့တွင် ဆောင်ရွက်လျက်ရှိရာ စာရေးသူသည် အဖွဲ့ခွဲ (၇) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးစီးအရာရှိ (ပညာသည်) ဦးအောင်အောင် ဦးဆောင်၍ တန်ပိုယာဉ်များ၏ ဝင်ရိုးထမ်းအလေးချိန်စစ်ဆေးနေသည့် ရန်ကုန်-ပဲခူး-မန္တလေးလမ်းမကြီး ပဲခူးမြို့နယ်-ပဲခူးဒီဂရီကောလိပ်အနီး BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မက်(စ်)မြန်မာကုမ္ပဏီ၏ TOLL GATE သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ TOLL GATE တွင် လမ်း၊တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဦးအောင်အောင် ဦးစီးသောအဖွဲ့သည် တန်ပိုယာဉ်များ၏ ဝင်ရိုးထမ်း အလေးချိန်စစ်ဆေးခြင်းကို ကုန်တင်ယာဉ်(သွား+ပြန်)၆၇၅ စီးတို့အား စစ်ဆေးပြီး ပညာပေးဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်ဟု သိရသည်။ လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အသိပညာပေးဆွေးနွေးခဲ့သော အဓိက အချက်များကို မေးကြည့်ရာ ကတ္တရာလမ်းများ၏ သက်တမ်းသည် သာမန်အားဖြင့် ၁၀ နှစ်ဖြစ်သော်လည်း တန်ပိုယာဉ်များကြောင့် အချိန်တိုအတွင်း လမ်းများ ပျက်စီးရ

ကြောင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်များစွာ ကုန်ကျလျက်ရှိကြောင်း၊ လမ်းမကောင်းလျှင် တိုက်ရိုက်ထိခိုက်သူမှာ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ဖြစ်ကြောင်း။

စစ်ဆေးတွေ့ရှိချက်အရ ကုန်တင်ယာဉ်များ၏ ယာဉ်+ကုန်အလေးချိန်မှာ အာဆီယံစံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိဘဲ များစွာပိုမိုနေသည်ကို ပုံနှင့်တကွ ရှင်းလင်းပြောကြားကြောင်း။

ကုန်တင်ယာဉ်များအနေဖြင့် မိမိတို့အသုံးပြုနေသောလမ်းများ မပျက်စီးစေရန် ဝင်ရိုး/ဘီးအရေအတွက်အလိုက် သတ်မှတ်ထားသော ကုန်ချိန်ကိုသာ တင်ဆောင် မောင်းနှင်ရမည်ဖြစ်ကြောင်း။

သတ်မှတ်တန်ချိန်ဆိုသည်မှာ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ ယာဉ်၏ လက်ယာဘက်ရှေ့ပိုင်းတွင် ရေးသားထားသော ယာဉ်အလေးချိန်၊ ကုန်အလေးချိန်၊ စုစုပေါင်းအလေးချိန်ကို ဆိုလိုကြောင်း၊ ယင်းဥပဒေအရ သတ်မှတ်တန်ချိန်ထက်ပို၍ တင်ဆောင်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် ကုန်ချိန်အပိုကို ယာဉ်ပိုင်ရှင် အစီအစဉ်အဖြင့် ယာဉ်ပေါ်မှချရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို ယာဉ်ပိုင်ရှင်ကသာ ကျခံရမည်ဖြစ်ကြောင်း။

ကုန်တင်ယာဉ်များသည် မူလပုံစံမှ ပြုပြင်လျက် အင်ဂျင်၊ ဖရိန်၊ တာယာ၊ ဘောင်ဒီ၊ လေးတို့ကို ပြောင်းလဲခြင်း၊ ဆက်ခြင်း၊ ထပ်တိုးခြင်းများ ပြုလုပ်လျက် ကုန်တင်နိုင်စွမ်းကို မြှင့်တင်ထားသည့်အတွက် ယာဉ်၏အလေးချိန်မှာ သတ်မှတ်အလေးချိန်ထက် များစွာပိုမိုနေကြောင်း။

လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က တန်ပို တင်လာသော ကားများကို စစ်ဆေးနေစဉ်။

ဝင်ရိုးသုံးခုပါသော ၁၀ ဘီးကားတ
အလေးချိန် ၁၀ တန်ရှိရမည်ဖြစ်သော်လည်း
ကြောင်း၊ အာဆီယံစံချိန်စံညွှန်းအတိုင်းဆိုပါ
ကုန် (၇)တန်သာ တင်ခွင့်ရှိမည်ဖြစ်ကြောင်း၊
မကြာမီကာလအတွင်း အာဆီယံနိုင်ငံမှ
တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တိုက်ရိုက်ဖြတ်သန်း
နိုင်ငံမှ ကုန်တင်ယာဉ်များသည် သတ်မှတ်စံချိ
နိုင်ငံများသို့ ဖြတ်သန်းခွင့်ရမည်မဟုတ်ကြော
ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အလုပ်
မည့်အပြင် တိုင်းပြည်ဝင်ငွေလည်း လျော့
ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြို
အတွက် အပင်ပန်းခံဆောင်ရွက်နေခြင်းဖြစ်
မည်ဆိုလျှင် များစွာနောက်ကျသွားမည်ဖြစ်
ထို့အပြင် အာဆီယံစံချိန်စံညွှန်းအရ လ
ဖြစ်သော်လည်း မိမိတို့နိုင်ငံမှ ကုန်တင်ကား
တန် ၆၀ ခံနိုင်သော လမ်းပုံစံများ တည်ဆေ
ကုန်ကျနေရကြောင်း။

မြန်မာနိုင်ငံ၏လမ်းများကို အသုံးပြ
ယာဉ်ကြီးများအား ဝင်ရိုးထမ်းအလေးချိ
တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်
အနီး မက်(စ်) မြန်မာကုမ္ပဏီ၏ TOLL G

အနှစ်ချုပ်အားဖြင့် စည်းကမ်းလိုက်န
သယ်ဆောင်မည့် ကုန်ပစ္စည်းအလေးချိန်နှင့်
ပါရှိသည့်ယာဉ်များကို သုံးစွဲခြင်းဖြင့် အားလ
စသည်ဖြင့် ဆွေးနွေးပညာပေးခဲ့သည်ဟု သိ
ပညာပေးဆွေးနွေးစဉ် ယာဉ်မောင်း၊ ပ
သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်
သတိထားထိန်းသိမ်းရပြီး အန္တရာယ်ရှိ
ပိုမိုပင်ပန်းကြောင်း။
ယခင်က လမ်းမကောင်းလျှင် ဆောက်
ယခုအခါ မိမိတို့တွင်လည်း တာဝန်မကင်း
ဘီးအရေအတွက်နှင့် လမ်းပျက်စီးမှုတို့ဆက်
ပေါက်ကြောင်း၊ ကျန်ယာဉ်ပိုင်ရှင်များလည်း အ
၎င်းတို့ နားလည်သလောက် ပြန်လည်ရှင်းလင်း
ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်ဟု သိရ
လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်
မြန်မာနိုင်ငံ၏ လမ်းများပေါ်၌ သွားလာမေ
များ၏ ဝင်ရိုးထမ်းအလေးချိန်စစ်ဆေး၍ ပည
လက်ရှိမြန်မာနိုင်ငံအတွင်း အဓိကကျသည
အချင်းချင်း ဆက်သွယ်သည့် လမ်းမကြီ
ကုန်တင်ယာဉ်များ၏ ယာဉ်ပိုင်ရှင်၊ ယာဉ်မေ
BOT စနစ်ဖြင့် လမ်းများကို တာဝန်ယူထား
ဝင်ရိုးတစ်ချောင်း၏ အလေးချိန်သတ်မှတ်ချ
အား အကောင်အထည်ဖော်တော့မည်ဖြစ်ကြေ
ယာဉ်များအား သတ်မှတ်ဝင်ရိုးအလေးချိန်နှင့်
ပြုပြင်မှုများဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်း
ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လ
စေရန် ယာဉ်များ၏ ဝန်တင်မှု တန်ကို စည်းက
နှင့်အညီ ဆောင်ရွက်ရာတွင် အချို့သောယ
သွားမည်” ဆိုသည့် လှုံ့လုံးဖြင့် အများပြ
ကြောင်း၊ တင်လိုသောဝန်နှင့် ကိုက်ညီသော
စီးဆင်းမှုကို မထိခိုက်ပါကြောင်း၊ ဥပမာ-ဝင်ရိ
၃၆ တန်တင်လာပါက ၎င်း ၃၆ တန်တင်လို
တင်ရန်သာဖြစ်ကြောင်း သိရှိခဲ့ရသည်။
သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်း၊ တံတားလုံခြုံရေးနှင့် စည်း ကမ်းထိန်းသိ
ဝင်ရိုးထမ်းအလေးချိန်များ စစ်ဆေးအသိပည
ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားအတွ
ယာဉ်မောင်းများကလည်း သက်ဆိုင်ရာအဖွဲ့
များကို မြန်မာနိုင်ငံ၏ လမ်းနှင့်တံတားများ
လိုက်နာခြင်းဖြင့်ပူးပေါင်းပါဝင် ကူညီကြ
တင်ပြလိုက်ရပါသည်။ ။

ဝင်ရိုးသုံးခုပါသော ၁၀ ဘီးကားတစ်စီးသည် သာမန်အားဖြင့် ယာဉ်အလေးချိန် ၁၀ တန်ရှိရမည်ဖြစ်သော်လည်း ယခုအခါ ၁၄ တန်ရှိသည်ကို တွေ့ရှိရကြောင်း၊ အာဆီယံစံချိန်စံညွှန်းအတိုင်းဆိုပါက ယာဉ်+တန်= ၂၁ တန်ဖြစ်သဖြင့် ကုန် (၇)တန်သာ တင်ခွင့်ရှိမည်ဖြစ်ကြောင်း။

မကြာမီကာလအတွင်း အာဆီယံနိုင်ငံများသည် မိမိတို့၏ ကုန်ပစ္စည်းများကို တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တိုက်ရိုက်ဖြတ်သန်း သယ်ဆောင်ကြသည့်အခါ မိမိတို့နိုင်ငံမှ ကုန်တင်ယာဉ်များသည် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုမရှိပါက အခြားနိုင်ငံများသို့ ဖြတ်သန်းခွင့်ရမည်မဟုတ်ကြောင်း၊ ထိုအခါမိမိတို့နိုင်ငံမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်မည့်အပြင် တိုင်းပြည်ဝင်ငွေလည်း လျော့နည်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုတင်မြော်တွေးကာ အားလုံး၏အကျိုးအတွက် အပင်ပန်းခံဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းအချိန်ကျမှ ပြင်ဆင်မည်ဆိုလျှင် များစွာနောက်ကျသွားမည်ဖြစ်ကြောင်း။

ထို့အပြင် အာဆီယံစံချိန်စံညွှန်းအရ လမ်းများ၏ ခံနိုင်ဝန်မှာ ၃၈ တန်သာဖြစ်သော်လည်း မိမိတို့နိုင်ငံမှ ကုန်တင်ကားများနှင့် အဆင်ပြေစေရန် တန် ၄၀၊ တန် ၆၀ ခံနိုင်သော လမ်းပုံစံများ တည်ဆောက်နေရသဖြင့် ငွေကြေးများ ပိုမိုကုန်ကျနေရကြောင်း။

မြန်မာနိုင်ငံ၏လမ်းများကို အသုံးပြုသွားလာနေသော သစ်လုံးတင်ယာဉ်ကြီးများအား ဝင်ရိုးထမ်းအလေးချိန်စစ်ဆေးခြင်းလုပ်ငန်းကို လမ်းတံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပဲခူးဒီဂရီကောလိပ်အနီး မက်(စ်) မြန်မာကုမ္ပဏီ၏ TOLL GATE ၌ ပြုလုပ်နေစဉ်။

အနှစ်ချုပ်အားဖြင့် စည်းကမ်းလိုက်နာ ဘေးကင်းကွာဆိုသကဲ့သို့ မိမိတို့သယ်ဆောင်မည့် ကုန်ပစ္စည်းအလေးချိန်နှင့် ကိုက်ညီသော ဝင်ရိုးအရေအတွက်ပါရှိသည့်ယာဉ်များကို သုံးစွဲခြင်းဖြင့် အားလုံးအတွက် အကျိုးရှိမှာဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပညာပေးခဲ့သည်ဟု သိရသည်။

ပညာပေးဆွေးနွေးစဉ် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်နှင့် ဂိတ်တာဝန်ခံများက သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မောင်းနှင်ရသဖြင့် ယာဉ်အား ပိုမိုသတိထားထိန်းသိမ်းရပြီး အန္တရာယ်ရှိကြောင်း၊ လမ်းမကောင်းသည့်အခါ ပိုမိုပင်ပန်းကြောင်း။

ယခင်က လမ်းမကောင်းလျှင် ဆောက်လုပ်ရေးကိုသာ အပြစ်မြင်မိကြောင်း၊ ယခုအခါ မိမိတို့တွင်လည်း တာဝန်မကင်းကြောင်းကို သိလာရကြောင်း၊ ဝင်ရိုး၊ ဘီးအရေအတွက်နှင့် လမ်းပျက်စီးမှုတို့ဆက်စပ်ပုံကို ယခု ကောင်းစွာ သဘောပေါက်ကြောင်း၊ ကျန်ယာဉ်ပိုင်ရှင်များလည်း အလားတူ သဘောပေါက်ရန်လိုသဖြင့် ၎င်းတို့ နားလည်သလောက် ပြန်လည်ရှင်းလင်းပြောပြမည်ဖြစ်ကြောင်း စသည်တို့ကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်ဟု သိရသည်။

လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းပြီး မြန်မာနိုင်ငံ၏ လမ်းများပေါ်၌ သွားလာမောင်းနှင်နေကြသော မော်တော်ယာဉ်များ၏ ဝင်ရိုးထမ်းအလေးချိန်စစ်ဆေး၍ ပညာပေးခြင်းလုပ်ငန်း၏ရည်ရွယ်ချက်မှာ လက်ရှိမြန်မာနိုင်ငံအတွင်း အဓိကကျသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်း ဆက်သွယ်သည့် လမ်းမကြီးများပေါ်တွင် သွားလာနေသော ကုန်တင်ယာဉ်များ၏ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ BOT စနစ်ဖြင့် လမ်းများကို တာဝန်ယူထားသည့် ဂိတ်ပိုင်ရှင်ကုမ္ပဏီများသည် ဝင်ရိုးတစ်ချောင်း၏ အလေးချိန်သတ်မှတ်ချက် ၁၀ တန် (အာဆီယံစံချိန်စံညွှန်း) အား အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရှိစေရန်နှင့် မိမိပိုင် ကုန်တင်ယာဉ်များအား သတ်မှတ်ဝင်ရိုးအလေးချိန်နှင့် ကိုက်ညီစွာအသုံးပြုနိုင်ရေး အချိန်မီ ပြုပြင်မှုများဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်း၊ တံတားများ ရေရှည် ကောင်းမွန်စေရန် ယာဉ်များ၏ ဝန်တင်မှု တန်ကို စည်းကမ်းတကျရှိရေးအတွက် နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ရာတွင် အချို့သောယာဉ်ပိုင်ရှင်များက “ကုန်ဈေးနှုန်းကြီးသွားမည်” ဆိုသည့် လှုံ့လုံးဖြင့် အများပြည်သူအမြင်မှားစေရန် ပြောနေကြကြောင်း၊ တင်လိုသောဝန်နှင့် ကိုက်ညီသောယာဉ်ကို အသုံးပြုပါက ကုန်စည်စီးဆင်းမှုကို မထိခိုက်ပါကြောင်း၊ ဥပမာ-ဝင်ရိုးသုံးချောင်းဖြင့် ၂၁ တန် တင်ရန်ကို ၃၆ တန်တင်လာပါက ၎င်း ၃၆ တန်တင်လိုလျှင် ဝင်ရိုးငါးချောင်းပါ ယာဉ်ဖြင့် တင်ရန်သာဖြစ်ကြောင်း သိရှိခဲ့ရသည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်း၊ တံတားလုံခြုံရေးနှင့် စည်း ကမ်းထိန်းသိမ်းရေး အဖွဲ့များဖွဲ့၍ တန်ပိုယာဉ်၏ ဝင်ရိုးထမ်းအလေးချိန်များ စစ်ဆေးအသိပညာပေးဆောင်ရွက်နေမှုမှာ နိုင်ငံနှင့်ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားအတွက်ဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများကလည်း သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အသိပညာပေးခြင်းများကို မြန်မာနိုင်ငံ၏ လမ်းနှင့်တံတားများ ထာဝရကောင်းမွန်စေရေးအတွက် လိုက်နာခြင်းဖြင့်ပူးပေါင်းပါဝင် ကူညီကြစေလိုကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တောင်ကုတ်မြို့နှင့် မာန်အောင်မြို့တို့တွင် ၃ ဒသမ ၁၅ လက်မစီ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ သံတွဲမြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ကန့်ဘလူ မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မုံရွာမြို့နှင့် မကွေးမြို့တို့တွင် ၁ ဒသမ ၂၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဖားကန့်မြို့အဝင် လမ်းမကြီးပေါ်ရှိ ရေကျော်နေရာ၌ အလျား ၂၄ ပေ၊ အနံ ငါးပေရှိ သစ်သားတံတား နှစ်စင်းအား အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးမျိုးထိုက်ဝင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ အနီးကပ်ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၆) ယာဉ်ထိန်းနယ်မြေမှ ဒု-ရဲအုပ် စိုးနိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက(၄)ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၁၀ တို့အား လည်းကောင်း၊ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒု-ရဲမှူး မြင့်ကြည်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် အထက(၁) ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၇၀၀ တို့အား လည်းကောင်း **(အပေါ်ပုံ)**ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

‘ဘားအံ၊ မော်လမြိုင်၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကော့ကရိတ်တွင် လိုင်စင်မဲ့ကား အခွန်ဆောင်ခြင်းကို ရပ်ဆိုင်းမည်၊ စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် (Permanent Residents-PR) လက်မှတ်ကိုင်ဆောင်ထားသူများ နိုင်ငံသားအဖြစ်ပြောင်းလဲ ခံယူရမည်ဆိုသောကြောင့် စင်ကာပူရောက် မြန်မာနိုင်ငံသားများ အခက်တွေ့၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလာပြီဆိုရင် လွတ်လွတ်လပ်လပ် သဘောထား ကွဲလွဲလို့ရတယ်၊ အားလုံးက ညီညီညွတ်ညွတ်ရှိဖို့ လိုတယ်ဆိုတဲ့ ဒေါ်သန်းသန်းနုနှင့် တွေ့ဆုံခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၄၅)ကို ယနေ့ ဖြန့်ချိလိုက်သည်။

နေပြည်တော်တွင် ချပေးခဲ့သော ကျပ်ငါးသိန်းတန် (CDMA - 450 MHz) ဖုန်းများသည် မြန်မာနိုင်ငံတစ်ဝန်းလုံး အသုံးပြုနိုင်၊ စင်ကာပူနိုင်ငံ လူဝင်မှုကြီးကြပ်ရေးမှ နိုင်ငံခြားသားများအပေါ် မူဝါဒအသစ် ချမှတ်ကာ ကိုင်တွယ်ဆုံးဖြတ်သွားမည်၊ မြန်မာမိန်းကလေးများနှင့် တက်တူးဖက်ရှင်၊ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုဇရိယာ (AFTA) ကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပြင်ဆင်ထားရန် လိုအပ်၊ ဈေးကွက်အတွင်း၌ (FEC)ဈေးနှုန်းများ မယုံနိုင်ဖွယ် ကျဆင်း၊ စစ်တွေ ရေနက်ဆိပ်ကမ်းအပါအဝင် ကုလားတန်မြစ်ချောင်းစီမံကိန်းအတွက် အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများ စစ်တွေမြို့သို့ရောက်ရှိ၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းသူများကို အခွန်ခစတင် ကောက်ယူ၊ ကျပ် ၈၅၀၀၀၀ အထိ ဈေးကောင်းပေးဝယ်နေသော အင်းစိန်မြို့က ဆံပင်အဝယ်ဒိုင်ဈေးကွက်၊ ပိုးသတ်ဆေးကြွင်းများကြောင့် ခန္ဓာကိုယ်ချို့ယွင်းမှု အဖြစ်များလာ၊ စက်မှုဇုန်ထုတ် စွယ်စုံသုံး မီနီဘတ်(စ်) ကားများကို ငါးကြိမ်ခွဲစနစ်ဖြင့် ရောင်းချပေးမည်၊ ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေစာရေးရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော်ရေး အဆိုပြုချက်တင်သွင်း၊ အီရန်ကို တိုက်ပါက အစ္စရေးနိုင်ငံသည် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားမည်ဟု အာမက်ဒီနီဂျက် ကြုံးဝါး၊ ၎င်း၏ ချူကလီးယားနယ်မြေအား တိုက်ခိုက်ခဲ့လျှင် အစ္စရေး၏ ချူကလီးယားနယ်မြေကို တိုက်ခိုက်မည်ဟု အီရန်ပြောကြား၊ အစ္စရေးနိုင်ငံမှာ (၁၅)နှစ်အတွင်း ပျက်သုဉ်းသွားလိမ့်မည်ဟု အီရန်ပြောကြား၊ အစ္စရေးနိုင်ငံမှာ အီရန်တပ်ဖွဲ့တို့၏ ပစ်မှတ်အတွင်း ကြရောက်နေပြီဟုဆို၊ လေယာဉ်တင်သင်္ဘောဖျက်ဒုံးပျံများ တရုတ်နိုင်ငံက ဖြန့်ကြက်ချထားတော့မည် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

‘မြန်မာနယူးစ်ဝိခ်ဂျာနယ်’ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

အမှတ်(၁၀)လမ်းမကြီး မြောင်းမြ-အိမ်မဲလမ်းပိုင်း လမ်းကျယ် ပေ ၄၀ ချဲ့ထွင်ဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင်လမ်းမကြီး ၁၁ လမ်းတွင် ပါဝင်သော ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ လမ်းအမှတ်(၁၀)၏ မြောင်းမြ- အိမ်မဲလမ်းပိုင်း လမ်းအကျယ် ပေ ၄၀ ရရှိရန် မြေတူးစက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၃၁ ရက်က မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဌာနဆိုင်ရာများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြောင်းမြခရိုင် အင်ဂျင်နီယာမှူး ဦးအေးသွင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“နိဗ္ဗာန်အလုပ်ပေး” တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၆း၄၀	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၁၅)**
၇း၃၀	**MRTV-4 သတင်း**
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၀၉)**
၈း၄၀	သီတဂူသာသနာပြုအဖွဲ့၏ မေတ္တာအလှူတော်
၈း၅၅	ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၉း၁၅	ဒီဂျစ်တယ်အလှကမ္ဘာ
၉း၃၀	Science For All (ကော်ဖီရဲ့သမိုင်းစဉ်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၉း၅၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ “ဂွတ်ရှယ်သမက်”
၁၀း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၄၅	The Champion of Dance
၁၁း၂၀	စစ်ကိုင်းတောင်ရိုးကျေးဇူးတော်ရှင် သမ္ဗုဏ္ဏာရာမတိုက်သစ် ဆရာတော်ကြီး၏ သက်တော်ရာကျော်ပူဇော်ပွဲ
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁၂း၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရွှေတောင်မုန့်ဟင်းခါး ပြုလုပ်နည်း)
၁း၀၀	“နိဗ္ဗာန်အလုပ်ပေး” တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (Imperial Merit Pre School)
၂း၄၀	ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၃း၀၅	ဒီဂျစ်တယ်အလှကမ္ဘာ
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၁၅)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၀၉)**
၄း၄၀	သီတဂူသာသနာပြုအဖွဲ့၏ မေတ္တာအလှူတော်
၅း၀၀	ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းနှစ်ပတ်လည်အစည်းအဝေး)
၅း၁၅	ခာတ်ပုံထဲမှအမှတ်တရများ (ကောင်းခန့်)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	အားကစားမြင်ကွင်းစုံ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၁၆)**
၇း၁၅	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ပိုက်ဆံဈေးတာကောင်းတယ်၊ ပိုက်ဆံမဈေးတာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၁၀)**
၁၀း၁၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ “ဂွတ်ရှယ်သမက်”
၁၀း၄၀	ဂီတသရုပ်ပြခန်း (Sweety, စိတ်ကူးများနဲ့ကျွန်မ)
၁၁း၀၅	အနုပညာမိုးကောင်းကင်
၁၁း၃၀	သင်ယူလေ့လာဂီတပညာ (SONG WRITING MODULE 01)
၁၁း၅၅	စစ်ကိုင်းတောင်ရိုးကျေးဇူးတော်ရှင် သမ္ဗုဏ္ဏာရာမတိုက်သစ် ဆရာတော်ကြီး၏ သက်တော်ရာကျော်ပူဇော်ပွဲ
၁၂း၁၅	Music Talk (မိဘမေတ္တာ)
၁၂း၂၅	ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (Imperial Merit Pre School)
၁၂း၄၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁း၀၅	Let's Dance (The Uraniurn Dance Studio)
၁း၃၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၂း၀၅	တစ်ပြည်ဝင်အိုး (အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်မျိုးစန္ဒီကျော်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၂း၂၅	RO ဆိုတဲ့ KTM
၂း၅၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရွှေတောင်မုန့်ဟင်းခါး ပြုလုပ်နည်း)
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
၄း၃၀	ထင်ရှားဖူးမြော်မွေတော် ကက္ကူစေတီတော်
၄း၄၅	ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၁၆) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် စက်တင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၀ခုနှစ်(၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနား၌ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ)အသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီး (က)အသင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး (က)အသင်းတို့အား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင် ဦးခင်ထွန်းကလည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးနော်တောင်က လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ)အသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး(က) အသင်းတို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်သက်သက်ဆွေက လည်းကောင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့အား အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်က လည်းကောင်း တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ)အသင်း၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ)အသင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က တံခွန်စိုက် ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

လူနှင့် တိရစ္ဆာန်တို့ စွန့်ပစ်သည့် အညစ်အကြေးမျိုးစုံမှ အနံ့ဆိုးများ အနံ့သန့်ရည်ဖြင့် သန့်စင်ပစ်နိုင်

ရန်ကုန် စက်တင်ဘာ ၁၅

နေအိမ်၊ တိုက်ခန်း၊ ရုံး၊ ကျောင်း၊ဈေး စသည့် ပတ်ဝန်းကျင်တွင် လူနှင့် တိရစ္ဆာန်တို့ စွန့်ပစ်သည့် အညစ်အကြေးမျိုးစုံတို့မှ ထွက်ပေါ်လာသည့် အနံ့ဆိုးများကို သန့်စင်ပေးနိုင်သော အနံ့သန့်ဆေးရည် (BIO-DEODORANT)ကို Advanced Bio-Enviro Care က တီထွင်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သဘာဝဇီဝစွမ်းအားဖြင့် အနံ့ဆိုးများကင်းစေသည့် အနံ့သန့်ရည် (BIO-DEODORANT) ကို အိမ်သာခွက်ထဲသို့ လောင်းထည့်ပြီး ရေဆွဲချပေး၊ ရေလောင်းချပေးကာ ပုလင်းကို ရေကျင်းပြီး ခွက်ထဲသို့ ထပ်မံလောင်းချ အသုံးပြုရန်ဖြစ်ကြောင်း၊ မိသားစုတစ်စုလုံးအတွက် တစ်ပုလင်း၊ လူများလျှင် နှစ်ပုလင်းနှင့် စုပေါင်းတိုက်ခန်းများအတွက် တစ်ခန်း တစ်ပုလင်းနှုန်း ထည့်ရမည်ဖြစ်ကြောင်း၊ တိုက်ခန်း တစ်ခန်းချင်း ထည့်ခြင်းဖြင့် မိမိအိမ်သာမှ ကျင်းအထိ ပိုက်လိုင်း တစ်လျှောက်လုံးကိုပါ သန့်စင်စေကြောင်း၊ အိမ်သာကျင်းထဲသို့ တိုက်ရိုက်ထည့်လျှင် ငါးပုလင်းမှ ၁၀ ပုလင်းအထိသာ သုံးရန်လိုအပ်ကြောင်း၊ အနံ့သန့်ဆေးရည် အသုံးပြုခြင်းဖြင့် အိမ်သာကျင်းများအတွင်း ပေါက်ဖွားနေသည့် ပိုးဟပ်များပါ ကင်းရှင်းသွားစေနိုင်ကြောင်း သိရသည်။

နေအိမ်မှပြင်ပသို့ စီးထွက်သည့် ရေဆိုးမြောင်းအတွက် အနံ့သန့်ရည် တစ်ပုလင်းလျှင် ရေ ၁၀ဆ ရောပြီး လောင်းထည့်ပေးရုံဖြင့် အနံ့ဆိုးများ သန့်စင်နိုင်ကြောင်း၊ ရေဆိုးကန်များအတွက် ရေဆိုးပမာဏအလိုက် တစ်ပုလင်းမှ ၁၀ပုလင်းအထိ ရေ ၁၀ဆ ထက်မနည်းရောစပ်ပြီး ကန်မျက်နှာပြင်အနှံ့ရောက်ရှိအောင် ဖျန်းပက်ပေးရမည်ဖြစ်ကြောင်း၊ အစိုဓာတ်ရှိပြီး အနံ့ဆိုးထွက်သည့် နေရာများအတွက် အညစ်အကြေးပမာဏအရ တစ်ပုလင်းမှ ၁၀ ပုလင်းအထိကို ရေအဆ ၅၀ထက်မနည်း ရောစပ်ပြီး အညစ်အကြေးအစုအပုံ၏ မျက်နှာပြင်အနှံ့ရောက်ရှိအောင် ဖျန်းပက်ပေးပါက အနံ့ဆိုးများ ပယ်ဖျောက်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

အနံ့သန့်ရည် (BIO-DEODORANT)ကို သဘာဝပတ်ဝန်းကျင်နှင့် ဆီလျော်လိုက်ဖက်ပြီး သဘာဝပတ်ဝန်းကျင်၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်သော အကျိုးပြုအဏုဇီဝပိုးများပါဝင်ပြီး ယင်းတို့၏ စွမ်းအားကိုသာ အသုံးပြုထားကြောင်း၊ အသုံးပြုမှုလွယ်ကူစေရန် ၁၀၀ စီစီဝင် ပုလင်းများဖြင့် ထည့်သွင်းထုတ်လုပ်ထားကြောင်း၊ ပုလင်းကို ကောင်းစွာလှုပ်ခါပြီးမှ အသုံးပြုရန် သတိပြုစေလိုကြောင်း၊ အသုံးပြုပြီး ၄၈ နာရီအတွင်း အနံ့ဆိုးများ ကင်းရှင်းသွားစေနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်တွင် အနံ့ကင်းမှု ထာဝရတည်တံ့နေစေရန် နှစ်ပတ်မှ လေးပတ်ကြာတိုင်း ထပ်မံအသုံးပြုပေးရန် လိုကြောင်းသိရသည်။

သဘာဝပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေပြီး အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများနှင့် အနံ့ဆိုးများကို သန့်စင်ပေးခြင်းဖြင့် အန္တရာယ်ကင်းရှင်းသည့် သဘာဝပတ်ဝန်းကျင်အဖြစ် ဖန်တီးပေးနိုင်သည့် အနံ့သန့်ရည် (BIO-DEODORANT)ကို ရယူအသုံးပြုလိုသူများ၊ လက်လီလက်ကား တစ်ဆင့်ဖြန့်ဖြူးလိုသူများသည် Advanced Bio- Enviro Care အမှတ် (၁၁၁) စံပယ်လမ်း ထန်းပင်ကုန်းရပ် စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၄၀၂၁၈ နှင့် ၀၉-၅၀၁၀၃၂၈၊ E-mail: amyint@ advancedbio.com.mm နှင့် စိုက်ပျိုးရေးပံ့ပိုးပစ္စည်း အရောင်းဆိုင် မြေပဒေသာကျွန်း ဖုန်း-၀၁-၅၄၄၇၆၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး လုပ်ငန်းအစီအစဉ်ရေးဆွဲရန် အချက်အလက်ကောက်ယူရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် မြန်မာနိုင်ငံတွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (အိပ်ချ်စီအက်ဖ်စီ) သုံးစွဲမှုလျှော့ချ ရပ်ဆိုင်းရေးလုပ်ငန်း အစီအစဉ်ရေးဆွဲရန်အတွက် သတင်းအချက်အလက် ကောက်ယူရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးမှ Industrial Development Officer Mr.Alessandro Amadioနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်မှ Policy and Entercement Officer Ms.Kakuko Nagatani Yoshida တို့က Montreal Protocol လုပ်ငန်းစဉ်များမှ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အဆောက်အအုံ လေအေးစက်များ၌ အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုဆိုင်ရာ အချက်အလက်ကောက်ယူရေးနှင့် အစားထိုး ဓာတုပစ္စည်းများသုံးစွဲရေး အစီအစဉ်များကို တင်ပြဆွေးနွေးကြမည်ဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့တို့၏ ကူညီပံ့ပိုးမှု၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အမျိုးသားအိုဇုန်းယူနစ်အဖွဲ့ဝင်တို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အဆိုပါလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင် မြန်မာနိုင်ငံတွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (အိပ်ချ်စီအက်ဖ်စီ) သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေး လုပ်ငန်း အစီအစဉ်ရေးဆွဲရန်အတွက် သတင်းအချက်အလက်ကောက်ယူရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ရွာကျေးရွာ ရွှေညောင်မြေ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၇ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာစာကြည့်တိုက် ဥက္ကဋ္ဌတို့က ရွှေညောင်မြေစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၃၂၉)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ဩဂုတ် ၁၆ ရက်က မိုင်းယုမြို့ မြို့အဝင်ဆိုင်းဘုတ် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ (ဒုတိယဦးစီးမှူး) ဦးထန်ဒေါင့်တွန် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

Master

Date: 17 September 2010
Time: 3.00 - 5.00 PM
Venue: Smart Resources Seminar Room
374747, 374748
09 5428848
Please Call Now!
MWEA Tower, 1st Floor, Room No. 104, Shwe Dagon Pagoda Road, Dagon Township.

MONITOR CITY
L.C.D • C.R.T
L.C.D • C.R.T မော်နီတာ

City Mart ဆိုင်ခွဲတိုင်းတွင်
101 ဆံပင်ဆေး (၁)လုံးဝယ်လျှင် 10000ks တန်
မေတ္တာလက်ဆောင် တစ်ခုပေးနေပါသည်။
Sep 9 to 22 only
01-518311
01-518088

ဆိုဖီယာ
အနောက်တိုင်းဝတ်စုံ
လုပ်ငန်းပိတ်သိမ်းမည် ဖြစ်ပါသဖြင့် ဆိုင်ရှိပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် (၁၀)ရက်အတွင်း ရောင်းချပေးပါမည်။
အမှတ်(B/08,15)၊ လမ်းမတော်ပလာဇာ၊
ပထမထပ်၊ လမ်းမတော်မြို့နယ်၊
ဖုန်း-၇၀၈၆၀၇၊ ၀၉-၅၁၁၁၈၇၆

ကောသိဝန်
Reg No - 0510 YR 005459
☎ - 01-510617, 510367



ဒေါပုံမြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၅

ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူးက ကြီးမှူးကျင်းပသော ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါး၊ အိမ်သုံးဆေးဝါးများ သုံးစွဲမှုအန္တရာယ်ဝင်ရောက်မှု မရှိစေရေးအတွက် အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၄ရက်က ဒေါပုံမြို့နယ် (အလက-၄)၌ ပြုလုပ်သည်။

ရှေးဦးစွာ ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်စိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒေါပုံမြို့နယ်ဥပဒေအရာရှိ ဒေါ်ကြူကြူအေး၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးအေးမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်မူးယစ်အထူးအဖွဲ့မှ ဒုတိယရဲအုပ်နေထွန်းလင်းတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောကြပြီး အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ဘာစီလိုနာနှင့် ဗလင်စီယာတို့ ဂိုးပြတ်များဖြင့် နိုင်ပွဲစတင်ခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပထမနေ့ပွဲစဉ်များ

ဘာစီလိုနာ စက်တင်ဘာ ၁၅

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ်အုပ်စုအဆင့် ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ စပိန်အသင်းများဖြစ်သည့် ဘာစီလိုနာနှင့် ဗလင်စီယာတို့ ဂိုးပြတ်များဖြင့် နိုင်ပွဲစတင်ခဲ့သည်။

ဘာစီလိုနာ ၅-၁ ပင်နာသီယာကော့စ်

စပိန်ထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် အိမ်ကွင်းတွင် အမှတ်ပြည့်ရရှိရေးအတွက် ဗဲလ်ဒက်စ်၊ ပူယိုး၊ ပီကေး၊ အဘီဒယ်၊ အဲလ်ဗစ်၊ ဘတ်စ်ကွက်စ်၊ အင်နီယေစတာ၊ ဇာဗီ၊ ဒေးဗစ်ဗီလာ၊ မက်ဆီနှင့် ပက်ဒရိုတို့ဖြင့် လူစုံပွဲထွက်လာခဲ့သည်။

ဂိုးပြတ်နိုင်

ယခုပွဲတွင် အိမ်ရှင်ဘာစီလိုနာက ဘောလုံးပိုင်ဆိုင်မှု ၈၀ ရာခိုင်နှုန်းကျော်အထိ ပိုင်ဆိုင်ကာ ဧည့်သည်ပင်နာသီယာကော့စ်အပေါ် အသာစီးမှ ကစားသွားနိုင်ခဲ့သည်။ ပထမပိုင်း မိနစ် ၂၀ အရောက်တွင် ပင်နာသီယာကော့စ် တိုက်စစ်မှူး ဂိုဗူးက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် ဘာစီလိုနာအသင်းမှ မက်ဆီကို ပင်နာသီယာကော့စ်နောက်တန်းထိန်းနိုင်ခြင်းမရှိဘဲ ၂၂ မိနစ်တွင် မက်ဆီက ဘာစီလိုနာအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ ၃၃ မိနစ်တွင် ဒေးဗစ်ဗီလာက ဘာစီလိုနာအတွက် ဒုတိယဂိုး၊ ၄၅မိနစ်တွင် မက်ဆီကပင်

ဘာစီလိုနာမှ မက်ဆီ ဤသို့ ထိုးဖောက်ကစားခဲ့သည်။

တတိယဂိုး၊ ၇၇ မိနစ်တွင် ပက်ဒရိုက စတုတ္ထဂိုးနှင့် မိနစ် ၉၀ တွင် အဲလ်ဗစ်က ပဉ္စမဂိုးတို့ကို သွင်းယူပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၅၅ မိနစ်တွင် မက်ဆီ၏ ပယ်နယ်တီကန်သွင်းမှုကို ပင်နာသီယာကော့စ်ဂိုးသမား ကာကွယ်သွားနိုင်ခဲ့သည်။ ***အင်တာနက်။***

အခြားပွဲစဉ်ရလဒ်များ

ဘင်ဖိကာ	*၂ - ၀*	*ဟာပိုးလ်တဲလ်အဗစ်*
ဘူဆာစပေါ်	*၀ - ၄*	*ဗလင်စီယာ*
ကိုပင်ဟေဂင်	*၁ - ၀*	*ရူဘင်ကာဇင်*
တွမ်တီး	*၂ - ၂*	*အင်တာမီလန်*
လိုင်ယွန်	*၁ - ၀*	*ရှော်ကေး*
မန်ယူ	*၀ - ၀*	*ရိန်းဂျား*
ဝါဒါဘရီမင်	*၂ - ၂*	*စပါး*

ဝင်းတင်(ကြေးမုံ)

မန်ယူကစားသမား ဗလင်စီယာ ဒဏ်ရာပြင်းထန်စွာရရှိ

လန်ဒန် စက်တင်ဘာ ၁၅

မန်ယူအသင်းမှ ညာတောင်ပံကစားသမား ဗလင်စီယာသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ချန်ပီယံလိဂ်အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် စကော့တလန်ကလပ် ရိန်းဂျားနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ခြေချင်းဝတ်၌ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့သည်။

အသက် (၂၅)နှစ်ရှိ ဗလင်စီယာ၏ ယင်းဒဏ်ရာမှာ ပြင်းထန်ခဲ့ခြင်းကြောင့် ကွင်းအတွင်း၌ပင် အောက်စီဂျင်ပေး၍ ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ရသည်။ ဗလင်စီယာမှာ ယင်းဒဏ်ရာကြောင့် ယခုအချိန်တွင် မည်မျှကြာအောင် အနားယူရမည်ကို အတိအကျပြော၍မရသေးသော်လည်း ကံဆိုးပါက ရာသီကုန်အထိ အနားယူရမည်ဟု ဆိုသည်။

အင်တာနက်။

အထက(၃)ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

အထက(၃)ပန်းဘဲတန်း မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ Central Hotel မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာ၊ ဆရာမဟောင်းများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုထွန်းအောင် ဖုန်း-၀၉-၅၀၃၁၉၈၇၊ ကိုမောင်မောင် ဖုန်း-၀၁-၂၄၁၇၂၁၊ ကိုအောင်ချို်ဝင်း ဖုန်း-၀၉-၅၁၀၂၉၉၈၊ ကိုအောင်သူ ဖုန်း-၀၉-၈၆၁၅၃၅၁၊ ကိုမျိုးမြင့် ဖုန်း-၀၉-၉၉၇ ၃၃၉၂၊ ကိုမြင့်ဝင်း ဖုန်း-၀၉-၈၀၂၀ ၆၅၂၊ ကိုအေးကျော် ဖုန်း-၀၁-၃၈၁၉၄၄၊ ကိုစိုးတင့် ဖုန်း-၀၉-၅၀၀၃၅၁၀၊ ကိုညီညီဦး ဖုန်း-၀၉-၅၀၉၈၅၁၈၊ မအေးမိုတင် ဖုန်း-၀၁-၃၇၂၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

(၂၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ အားကစားမောင်မယ်များအား ဂုဏ်ပြုဆုပေးပွဲကို စက်တင်ဘာ ၂၇ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေဘောလုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် Actor Star Football Clubနှင့် အောင်မြင်ကျော်ကြားခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများဖြင့် ဖွဲ့စည်းထားသော All Star Football Club (1993)တို့ တွေ့ဆုံပွဲကို စက်တင်ဘာ ၁၇ရက်(သောကြာနေ့)နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ Trader Hotel (Ballroom-2) ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်
အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်(၂၄၉)၊ ပထမထပ်၊ ဘားကရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၅၀၄၇၅၀၊ ၅၀၄၀၇၉
(Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။
http://www. acmnursing training. com

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်းပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်း အောင်လက်မှတ် ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင်(၂၀)ယောက်သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ့" ကိုလာခဲ့ပါ။

♦ တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်) ♦

အပတ်စဉ်(၁၃၄၅) ၂၀-၉-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)

နံနက်ပိုင်း	(I)	06:30 am to 08:30 am
နံနက်ပိုင်း	(II)	09:30 am to 11:30 am
မွန်းလွဲပိုင်း	(III)	01:30 pm to 03:30 pm
ညနေပိုင်း	(IV)	04:30 pm to 06:30 pm
ညနေပိုင်း	(V)	05:30 pm to 07:30 pm

♦ နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်) ♦

အပတ်စဉ်(၁၃၄၆) ၂၁-၉-၂၀၁၀ စမည်။ (အင်္ဂါနှင့်ဗုဒ္ဓဟူး သင်)
အပတ်စဉ်(၁၃၄၇) ၂၃-၉-၂၀၁၀ စမည်။ (ကြာသပတေးနှင့်သောကြာသင်)
အပတ်စဉ်(၁၃၄၈) ၂၅-၉-၂၀၁၀ စမည်။ (စနေနှင့်တနင်္ဂနွေသင်)

နံနက်ပိုင်း	(I)	06:30 am to 08:30 am
နံနက်ပိုင်း	(II)	09:30 am to 11:30 am
မွန်းလွဲပိုင်း	(III)	01:30 pm to 03:30 pm
ညနေပိုင်း	(IV)	04:30 pm to 06:30 pm
ညနေပိုင်း	(V)	05:30 pm to 07:30 pm

♦ နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်း ♦

♦ သုံးလအထူးသင်တန်းများ (တစ်ပတ်ခြောက်ရက်သင်) ♦

အပတ်စဉ်(၁၃၄၉) ၂၀-၉-၂၀၁၀ စမည်။ (တနင်္ဂနွေတစ်ရက်နား)
9:30 am to 3:30 pm

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။

သတင်းစာကိုယ်စားလှယ်လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ်ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက်ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ- **The New Light Of Myanmar သတင်းစာတိုက် ဖုန်းအမှတ် ၀၁-၃၉၂၂၂၆**
၀၁-၃၉၂၃၀၄ သို့ ဆက်သွယ်နိုင်ပါသည်။

တောင်ကြီးတက္ကသိုလ်
(၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၀၈-၂၀၀၉၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ်မှဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

(က) ၁၆-၁၀-၂၀၁၀ ရက် နံနက်ပိုင်း၊ နံနက်(၉း၀၀)နာရီ

မဟာသုတေသနဘွဲ့	ပထဝီဝင်၊ သတ္တဗေဒ အထူးပြု
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့	ပထဝီဝင်၊ သတ္တဗေဒ အထူးပြု
သိပ္ပံဂုဏ်ထူးဘွဲ့	စာရင်းအင်းပညာ၊ သတ္တဗေဒ အထူးပြု
ဝိဇ္ဇာ/သိပ္ပံဘွဲ့	ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ စာရင်းအင်းပညာ၊ သတ္တဗေဒအထူးပြုအားလုံး

(ခ) ၁၆-၁၀-၂၀၁၀ ရက် ညနေပိုင်း၊ မွန်းလွဲ(၁း၀၀)နာရီ

မဟာသုတေသနဘွဲ့	အရှေ့တိုင်းပညာ အထူးပြု
မဟာသိပ္ပံဘွဲ့	ဓာတုဗေဒ အထူးပြု
မဟာဥပဒေဘွဲ့	ဥပဒေပညာ အထူးပြု
သိပ္ပံဂုဏ်ထူးဘွဲ့	ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြု
ဥပဒေဘွဲ့	ဥပဒေပညာ အထူးပြု
ဝိဇ္ဇာ/သိပ္ပံဘွဲ့	အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး

(ဂ) ၁၇-၁၀-၂၀၁၀ ရက် နံနက်ပိုင်း၊ နံနက်(၉း၀၀)နာရီ

မဟာသုတေသနဘွဲ့	သင်္ချာ၊ ရုက္ခဗေဒ အထူးပြု
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့	မြန်မာစာ၊ သင်္ချာ၊ ရုက္ခဗေဒ အထူးပြု
သိပ္ပံဂုဏ်ထူးဘွဲ့	သင်္ချာ၊ ရုက္ခဗေဒ အထူးပြု
ဝိဇ္ဇာ/သိပ္ပံဘွဲ့	မြန်မာစာ၊ ရသစာပေ၊ ဒဿနိကဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒအထူးပြုအားလုံး

(ဃ) ၁၇-၁၀-၂၀၁၀ ရက် ညနေပိုင်း၊ မွန်းလွဲ(၁း၀၀)နာရီ

မဟာသုတေသနဘွဲ့	ရူပဗေဒ အထူးပြု
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ၊ ရူပဗေဒ အထူးပြု
သိပ္ပံဂုဏ်ထူးဘွဲ့	ရူပဗေဒ၊ ဘူမိဗေဒ အထူးပြု
ဝိဇ္ဇာ/သိပ္ပံဘွဲ့	အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး

အစမ်းလေ့ကျင့်မည့်အစီအစဉ်

၁၃-၁၀-၂၀၁၀ ရက် နံနက်ပိုင်း၊ နံနက်(၉း၀၀)နာရီ

မဟာသုတေသနဘွဲ့	ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒ အထူးပြုအားလုံး
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့	ပထဝီဝင်၊ ဓာတုဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး
မဟာဥပဒေဘွဲ့	ဥပဒေပညာ အထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့	ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ စာရင်းအင်းပညာ၊ သတ္တဗေဒ အထူးပြုအားလုံး
ဥပဒေဘွဲ့	ဥပဒေပညာ အထူးပြုအားလုံး
ဝိဇ္ဇာ/သိပ္ပံဘွဲ့	ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ စာရင်းအင်းပညာ၊ သတ္တဗေဒ အထူးပြု

၁၄-၁၀-၂၀၁၀ ရက် နံနက်ပိုင်း၊ နံနက်(၉း၀၀)နာရီ

မဟာသုတေသနဘွဲ့	ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ အထူးပြုအားလုံး
မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့	မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ အထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့	ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး
ဝိဇ္ဇာ/သိပ္ပံဘွဲ့	မြန်မာစာ၊ ရသစာပေ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ သင်္ချာ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး

ဘွဲ့နှင်းသဘင် တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၇-၁၀-၂၀၁၀ ရက်မှ ၈-၁၀-၂၀၁၀ ရက်ထိ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးမည် ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် (Common Room)ခန်းမတွင် ၁၁-၁၀-၂၀၁၀ ရက်နှင့် ၁၂-၁၀-၂၀၁၀ ရက် နံနက် ၉ နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

ခင်စောလှိုင်
လက်ထောက်မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
တောင်ကြီးတက္ကသိုလ်

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်၊
(ဂ) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၀-၁၂-၂၀၁၀ ရက်နေ့မှ ၁၈-၁၂-၂၀၁၀ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်၊

(က) နိုင်ငံသားစိစစ်ရေးကတ်မှတ်၊
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်း / မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ၊

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်ဖြစ်၍ စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုခန့်ထားမည်၊

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ နှင့်လုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်၊

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလှင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၃၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ခြေလှင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၃၈၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်၊ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်၊

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် / အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် / အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

	အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး (တတိယတန်း)	၅၄၀၀၀	၂၀၀	၅၀၀၀	၅၉၂၀၀
(ခ)	တပ်ကြပ်ကြီး/စာရေး (ဒုတိယတန်း)	၅၄၀၀၀	၃၀၀	၅၀၀၀	၅၉၃၀၀
(ဂ)	တပ်ကြပ်ကြီး/စာရေး (ပထမတန်း)	၅၄၀၀၀	၄၀၀	၅၀၀၀	၅၉၄၀၀
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၆၆၀၀၀	၄၀၀	၅၀၀၀	၇၁၄၀၀
(င)	အရာခံဗိုလ်/စာရေး	၇၂၀၀၀	၄၀၀	၅၀၀၀	၇၇၄၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်၊

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင့်မြင့်ပညာဖြေဆိုနိုင်သည်၊

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်၊

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံတမန်စာရေးအဖြစ် ခန့်ထားခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံရုံး(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်၊

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်၊

အိမ်ရောင်းမည်

ရန်ကင်း၊ မိုးကောင်းလမ်းသွယ်၊ ၆၇ပေ× ၈၅ ပေ၊ ဘိုးဘွားပိုင်၊ RC-1 ထပ်၊ 1MBR, 2BR၊ ဧည့်ခန်း (၂) ခန်း၊ ပါကေးခင်းပြီး၊ အုတ်တံတိုင်းခတ်ပြီး၊ ကားနှစ်စီးဆံ့ဂိုဒေါင်၊ ရေ(စည်ပင်ရေတွင်း၊ အဝီစိတွင်း) 2000 Liter စတီးရေတိုင်ကီ၊ အုတ်ကန် ဂါလန် (၆၀၀)ဆံ့၊ ရေပူ/ရေအေးစက်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၀၈၅၉၉၊ ၀၁-၇၃၁၀၅၁၁၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁/သမိုင်း၊ မြေကွက်အမှတ် ၁၂/ပ၊ မြေကွက်တည်နေရာအမှတ် (၁၆) ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်း မြို့နယ်၊ (ဒေါက်တာ သူဇာမေတင်၊ ဒေါက်တာ ဒေါ်တင်တင်မွန်း) အမည်ပေါက် ဘီ၊ လ/န-၃၉၊ မြေပိုင်မြေအိမ်ရာမြေ မြေအား အမည်ပေါက် မိခင် ဒေါက်တာဒေါ်တင်တင်မွန်း ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် ဒေါက်တာသူဇာမေတင်[၁၂/မရက (နိုင်)၀၅၈၉၃၉]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆပ်ပြာအတောင့် အကြမ်းစက်

Good Second Hand တစ်လုံး ဝယ်လိုပါသည်။ ဆပ်ပြာဆီဝယ်လိုပါသည်။

ဖုန်း-၀၁- ၇၃၀၁၂၄၆၆

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲအတွက် မြန်မာမြားပစ်အဖွဲ့ပြင်ဆင်

မြန်မာ့လက်ရွေးစင် ဇော်ဝင်းထိုက်။

အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာ မြားပစ်ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် အကြိမ်ကြိမ်လက်ခံ ကျင်းပဖူးခြင်း၊ အရှေ့တောင်အာရှ၊ အာရှအဆင့် သာမက ကမ္ဘာ့အဆင့်ပြိုင်ပွဲများအထိ အောင်ပွဲ အလီလီ ရယူခဲ့ဖူးခြင်းကြောင့် ယခုအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၄)ကြိမ်မြောက် အရှေ့တောင် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ခမ်းနားသိုက်မြိုက် အောင်မြင်စွာ ကျင်းပရန် စီစဉ်ထားသလို အောင်မြင်မှု ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် ပြင်းပြင်း ထန်ထန်လေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။ (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲကို ကမ္ဘာ့မြားပစ် အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အိန္ဒိယအသင်းအပါအဝင် အိမ်ရှင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအို၊ စင်ကာပူနှင့် မွန်ဂိုလီးယား ခုနစ်နိုင်ငံမှ အားကစားသမား ၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစား အဖွဲ့များ၏ သရုပ်ပြအစီအစဉ်များနှင့်အတူ ခမ်းနားစွာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို စက်တင် ဘာ ၁၉ ရက် ည ၇ နာရီတွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးကို ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Sanguan Kosavinta၊ အာရှ မြားပစ်အဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှမြားပစ်အဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အတွင်းရေးမှူး နှင့် ကောင်စီဝင်များ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီ ခုံသမာဓိအဖွဲ့ဝင်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး

မြန်မာမြားပစ်အားကစားမယ် အောင်ငိုမ်း။

ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)တို့ တက်ရောက်ကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး နှင့် တာဝန်ရှိသူများ၏ လမ်းညွှန်အားပေးမှု၊ အာရှ မြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ် အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီ) **စာမျက်နှာ ၇ ကော်လံ ၆ သို့** ☆

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၅ - ၉ - ၂၀၁၀

တောင်ကုတ်	၃ ဒသမ ၁၅ လက်မ	ချောင်းဆုံ	၂ ဒသမ ၈၇ လက်မ
မာန်အောင်	၃ ဒသမ ၁၅ လက်မ	မောင်တော	၂ ဒသမ ၈၃ လက်မ
ကျိုက္ခမီ	၃ ဒသမ ၀၇ လက်မ	မချမ်းဘော	၂ ဒသမ ၇၆ လက်မ
		သံတွဲ	၂ ဒသမ ၄၄ လက်မ
		ဘီးလင်း	၂ ဒသမ ၄၄ လက်မ
		သံတောင်ကြီး	၂ ဒသမ ၃၂ လက်မ
		ကန့်ဘလူ	၁ ဒသမ ၈၅ လက်မ